မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၄ ရက်၊ ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီ ၁၁ ရက်၊ စနေနေ့၊ အတွဲ (၅၁)၊ အမှတ် (၁၃၄)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အီရန်နိုင်ငံသမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော်　　ဖေဖော်ဝါရီ　　၁၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဖေဖော်ဝါရီ ၁၁ ရက်တွင် ကျရောက်သော အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သမ္မတ မာမွတ် အာမက် ဒီနီဂျက်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

တိုင်းရင်းသားများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာအောင် မြှင့်တင်ပေး

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးဆိုတာ ယခင်အတွေ့အကြုံများအရ ပါးစပ်ကပြောနေရုံနဲ့ မရပါဘူး။ စားပွဲမှာထိုင်ပြီး ဆွေးနွေးနေရုံနဲ့လည်း ဖြစ်မလာနိုင်ပါဘူး။ ပထဝီအနေအထားအရ ရေခြားမြေခြားဖြစ်နေတဲ့ ကျွန်တော်တို့ တိုင်းရင်းသားတွေနေထိုင်တဲ့ ဒေသတွေကို တစ်ဆက်တစ်စပ်တည်းဖြစ်သွားအောင် ကားလမ်းတွေ၊ မီးရထားလမ်းတွေ ဖောက်ပေးရပါမယ်။ တံတားတွေ ဆောက်ပေးရပါမယ်။ ပညာရေး၊ ကျန်းမာရေး အဆင့်အတန်းတွေ မြှင့်တင်ပေးရပါမယ်။ တိုင်းရင်းသားတွေရဲ့ လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာအောင် စီးပွားရေးအခြေခံကောင်းတွေ ပြုလုပ်ပေးရပါမယ်။ ဒီလမ်းတွေ၊ တံတားတွေ၊ စာသင်ကျောင်းတွေ၊ ဆေးရုံဆေးခန်းတွေကို အသုံးချပြီး တိုင်းရင်းသားတွေရဲ့ လူမှုဘဝ မြင့်မားလာအောင် မြှင့်တင်ပေးရမှာဖြစ်ပါတယ်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်
[၃၀-၃-၂၀၁၁ ရက်နေ့တွင် ကျင်းပသော ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေးတွင် ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်]

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး နဝမနေ့ ဆက်လက်ကျင်းပ

အဆိုအသစ် (၁)ခု တင်သွင်းခြင်းနှင့် ဥပဒေကြမ်းများ ဆက်လက်ဆွေးနွေးခြင်းများ ဆောင်ရွက်

နေပြည်တော်　　ဖေဖော်ဝါရီ　　၁၀

ယနေ့ ပြည်ထောင်စုလွှတ်တော်အစည်းအဝေး နဝမနေ့ကို နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုလွှတ်တော် နာယက ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ၅၄၆ ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေး၌ အဆိုအသစ် (၁)ခု တင်သွင်းခြင်းနှင့် ဥပဒေကြမ်းများ ဆက်လက်ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

အဆိုတင်သွင်းခြင်းကဏ္ဍ၌ ကော့ကရိတ်မဲဆန္ဒနယ်မှ ဦးသူရိန်ဇော်က **"လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ခဲ့သော မြစ်ရေတင်စီမံကိန်းများနှင့် ရေလှောင်တမံ၊ ရေလွှဲဆည်များအား ပြည်ထောင်စုစာရင်းစစ်ချုပ်၏ စစ်ဆေးတွေ့ရှိချက်အပေါ် ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၏ သုံးသပ်အကြံပြုချက်များသည် ပြည်သူတစ်ရပ်လုံးအတွက် အရေးကြီးသောအချက်များဖြစ်သဖြင့် အများပြည်သူအကျိုးငှာ ပြည်ထောင်စုအစိုးရအဖွဲ့က ဆောင်ရွက်ပေးရန်တိုက်တွန်းကြောင်းနှင့် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးနိုင်ပါရန်"** အဆိုကို လွှတ်တော်သို့ တင်သွင်းသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ယနေ့ အစည်းအဝေးအပြီးတွင် အမည်စာရင်းပေးပို့ကြရန်ဖြစ်ကြောင်း သိရသည်။

ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးသို့ တက်ရောက်လာကြစဉ်။ (သတင်းစဉ်)

ဆက်လက်ဆွေးနွေး

ဥပဒေကြမ်းများ ဆက်လက်ဆွေးနွေးခြင်းကဏ္ဍ ၌ **နိုင်ငံတော်၏ အမျိုးသားစီမံကိန်းဥပဒေကြမ်းများ** တွင် ပါဝင်သည့် ပညာရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ ဆောက်လုပ်ရေးကဏ္ဍ၊ လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍတို့နှင့်စပ်လျဉ်း၍ ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာတင်ရွှေ၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးမြင့်ထွန်း၊ ငပုတော မဲဆန္ဒနယ်မှ ဒေါ်ခင်သန်းမြင့်၊ ဗိုလ်တထောင်မဲဆန္ဒနယ်မှ ဦးစိန်မြင့်၊ မာန်အောင် မဲဆန္ဒနယ်မှ ဦးအောင်စိန်၊ ရမည်းသင်းမဲဆန္ဒနယ်မှ ဦးဘိုနီ၊ ပန်းဘဲတန်းမဲဆန္ဒနယ်မှ ဦးအောင်ဆန်း၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစောထွန်းမြအောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်လတ်၊ ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦး၊ ဘူးသီးတောင် မဲဆန္ဒနယ်မှ ဦးရွှေမောင်၊ လသာမဲဆန္ဒနယ်မှ ဦးကြည်မြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးဇော်မြင့်ဖေ၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇုန်လှယ်ထန်းနှင့် အုတ်တွင်းမဲဆန္ဒနယ်မှ ဦးညီညီမြင့်တို့က သက်ဆိုင်ရာကဏ္ဍအလိုက် ဆက်လက်ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

ယနေ့အစည်းအဝေးကို ညနေ ၄ နာရီတွင် ရပ်နားပြီး အစည်းအဝေး ဒသမနေ့ကို ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်သည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း
ယနေ့ ဖတ်စရာ၊ မှတ်စရာ သတင်း အညွှန်း

နိုင်ငံတော် အရန်ဆန်ထားရှိရေး ကြီးကြပ်မှုကော်မတီ တောင်သူများထံမှ စပါး တိုက်ရိုက်ဝယ်ယူလျက်ရှိ စာ-၃

အင်ဒိုနီးရှား၌ လိုကန်မီးတောင်ပေါက်ကွဲ စာ-၄

ဧရာဝတီတိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ဧရာဝတီမြစ်ကူးတံတား (ဒေးဒရဲ) စာ-၇

မြန်မာ့အလင်း အယ်ဒီတာ့ အာဘော် (၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်)

စည်းလုံးခြင်း ...၊ အေးချမ်းခြင်း...၊ ဖွံ့ဖြိုးခြင်း ...

မည်သို့သောအလုပ်ကို လုပ်ကိုင်သည်ဖြစ်စေ တစ်ဦးကောင်း တစ်ယောက်ကောင်းဖြင့် ဆောင်ရွက်က မအောင်မြင်နိုင်ချေ။ အများပေါင်းစုအားဖြင့် လုပ်ကိုင်သည့်အခါ မည်သို့သော ခက်ခဲသည့်အလုပ်ဖြစ်စေကာမူ အောင်မြင်မှုမုချမသွေရနိုင်ပေသည်။ ''တစ်ယောက်အားဖြင့် ယူသော်မရ၊ တစ်သောင်းအားဖြင့် ယူသော် ရ၏'' ဆိုသည့် စကားသည် စည်းလုံးညီညွတ်မှုဖြင့် အောင်မြင်မှုကို ရရှိနိုင်ကြောင်း ပြဆိုခြင်းပင်ဖြစ်၏။

အလားတူ တည်ငြိမ်အေးချမ်းခြင်းဆိုသည်မှာ စည်းလုံးညီညွတ်ကြခြင်းအပေါ်တွင် အခြေခံသည်။ မည်သည့်အလုပ်ကို လုပ်ကိုင်ဆောင်ရွက်သည်ဖြစ်စေ စည်းလုံးညီညွတ်ခြင်းတည်းဟူသော ပေါင်းစည်းမှု ရှိပါမှ အောင်မြင်ခြင်းဆိုသည်ကို ရရှိနိုင်ပေလိမ့်မည်။ ထိုမှသည် တည်ငြိမ်အေးချမ်းခြင်းကို ဧကန်မုချ ရလိမ့်မည်။

တစ်ဖန် ဖွံ့ဖြိုးခြင်းဆိုသည်မှာလည်း ဤသဘောများအတိုင်းပင်။ တည်ငြိမ်အေးချမ်းပါမှ ဖွံ့ဖြိုးရေး လုပ်ငန်းများ ပြုလုပ်နိုင်မည်ဖြစ်၏။ ထို့ကြောင့် စည်းလုံးခြင်း၊ အေးချမ်းခြင်း၊ ဖွံ့ဖြိုးခြင်းတည်းဟူသည် ကမ္ဘာဦး ဒဿနပညာရှင်တို့ သီအိုရီမထုတ်ခဲ့ပေငြားလည်း မျက်မှောက်ခေတ်၏ နိယာမတရားဖြစ်နေသည်မှာ အထင်အရှားပင်ဖြစ်၏။

မှန်ပေ၏။ ယနေ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး စည်ပင်ဖွံ့ဖြိုးလာခြင်းမှာ စည်းလုံးညီညွတ်ခြင်းကြောင့်ပင်ဖြစ်၏။ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်းစသော တိုင်းရင်းသား ညီအစ်ကို မောင်နှမများအချင်းချင်း အေးအတူ ပူအမျှ၊ မရှိအတူ ရှိအတူ၊ စည်းလုံးညီညွတ်စွာ နေထိုင်လာခဲ့ခြင်းကြောင့် ပြည်ထောင်စုနိုင်ငံတော်ကြီးအဖြစ် အစဉ်ထာဝရ ရပ်တည်လာနိုင်ခဲ့ခြင်းပင် ဖြစ်ပါ၏။ ပြည်သူအပေါင်းတို့သည် အေးချမ်းခြင်း၊တည်ငြိမ်ခြင်းတည်းဟူသော စည်းလုံးညီညွတ်ခြင်း၏ အကျိုးကျေးဇူးကို ခံစားနိုင်ကြခြင်းလည်း ဖြစ်ပါ၏။

ထိုမှ ဆက်လက်၍ မဝေးတော့သည့်အနာဂတ်ကာလတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးသည် တည်ငြိမ်အေးချမ်းမှုနှင့်အတူ ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်ကို မြှင့်တင်နိုင်တော့မည်ဖြစ်ပေသည်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှု စွမ်းပကားဖြင့် ထာဝရငြိမ်းချမ်းသာယာလာတော့မည် ဖြစ်သည်။ အစိုးရနှင့် ပြည်တွင်းလက်နက်ကိုင်များအကြား ငြိမ်းချမ်းရေးသဘောတူညီမှုများ တိုးတက်လာခဲ့ပြီ ဖြစ်ပေသည်။ မကြာမီကာလအတွင်း တစ်နိုင်ငံလုံးအေးချမ်းသာယာလာတော့မည် ဖြစ်သည်။

ထိုသို့တည်ငြိမ်အေးချမ်းလာသည်နှင့်အမျှ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ လူမှုဘဝတိုးတက်မြင့်မားလာမည်ဖြစ်သည်။ ယခုအခါ နိုင်ငံတော်က နယ်စပ်ဒေသနေ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ လူမှုဘဝ တိုးတက်မြင့်မားရေး အထူးဂရုပြုဖြည့်ဆည်းပေးလျက်ရှိသည်။ ဤသို့ ဆောင်ရွက်ပေးနေခြင်းသည်ပင်လျှင် ဤပြည်ထောင်စုကြီးအတွင်း မှီတင်းနေထိုင်ကြကုန်သော တိုင်းရင်းသားညီအစ်ကိုများ မရှိအတူ ရှိအတူ၊ အေးအတူ ပူအမျှနေထိုင်ခြင်းဆိုသည့် ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်ကို ပြုစုပျိုးထောင်ပေးနေခြင်း ဖြစ်၏။

သို့ဖြစ်ရာ ဤပြည်ထောင်စုကြီး၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသော ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူလျက် နိုင်ငံတော်ကြီး ထာဝရတည်ငြိမ်အေးချမ်းပြီး ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ပိုမိုဖွံ့ဖြိုးတိုးတက်လာရေးအတွက် လက်တွဲညီညီ ကြိုးပမ်းဖော်ဆောင်ကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ရွေးကောက်ပွဲကော်မရှင်ဆိုင်ရာ ပညာပေးသင်တန်းဖွင့်

ဝါးခယ်မ ဖေဖော်ဝါရီ ၁၀

ဝါးခယ်မမြို့နယ် ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်များ၏ ကော်မရှင်ဆိုင်ရာ ပညာပေးသင်တန်း ဖွင့်ပွဲကို ဖေဖော်ဝါရီ ၄ ရက် နံနက် ၉ နာရီက ရွှေခယ်သီရိအားကစားခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီးအဖွဲ့ခွဲအဖွဲ့ဝင် ဦးအောင်မြင့်က အမှာစကားပြောကြားပြီး **(အပေါ်ပုံ)** မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌဦးဖေသန်း၊ အတွင်းရေးမှူး ဦးလှမင်းသူနှင့်ကော်မရှင် အဖွဲ့ဝင်များက ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင် အဖွဲ့ခွဲဝင်များ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ မဲစာရင်းပြုစုခြင်း၊ ဆန္ဒမဲပေးခြင်း၊ ကြိုတင်မဲကိစ္စများအပါအဝင် ကော်မရှင်ဆိုင်ရာ သင်တန်းများကို ပို့ချကြသည်။

အဆိုပါသင်တန်းများသို့ ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင် အဖွဲ့ဝင်များ တက်ရောက်ကြသည်။ အလားတူ ဖေဖော်ဝါရီ ၅ ရက်က ရွှေလောင်းကျေးရွာအုပ်စုနှင့် ကျုံမငေးကျေးရွာအုပ်စုတို့၌လည်း ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်များ၏ ကော်မရှင်ဆိုင်ရာ ပညာပေးသင်တန်းများကို ဖွင့်လှစ်ပို့ချပေးခဲ့ကြောင်းသိရှိရသည်။ **(၁၃၉)**

မှူခင်းကျဆင်းရေး ပညာပေးဟောပြော

ကျောက်မဲ ဖေဖော်ဝါရီ ၁၀

ရှမ်းပြည်နယ် ကျောက်မဲခရိုင် ကျောက်မဲမြို့ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း ပတ္တမြားခန်းမ၌ ဖေဖော်ဝါရီ ၃ ရက် မွန်းလွဲ ၁ နာရီ မိနစ် ၂၀ က မှူခင်းကျဆင်းရေး ပညာပေး ဟောပြောပွဲ အခမ်းအနားကျင်းပသည်။

အသိပေးဆွေးနွေး

အခမ်းအနားတွင် ကျောက်မဲခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စိုးမြင့်ဦးက အမှာစကားပြောကြားပြီး မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးတင်ဌေးက မှူခင်းကျဆင်းရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှုကို အသိပေး ဆွေးနွေးသည်။ ဆက်လက်ပြီး လားရှိုးမူးယစ်(အထူး)အဖွဲ့ ဒုတိယရဲမှူးရဲနိုင်က မူးယစ်ဆေးဝါး တားဆီးကာကွယ်နှိမ်နင်းမှုများကို သရုပ်ပြပုံများဖြင့်လည်းကောင်း၊ လားရှိုးလူကုန်ကူးမှုတားဆီးကာကွယ်ရေး တာဝန်ခံ ရဲအုပ်မင်းခိုင်က လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆောင်ရွက်မှုများကို သရုပ်ပြပုံများဖြင့်လည်းကောင်း၊ ကျောက်မဲခရိုင် ယာဉ်ထိန်းတာဝန်ခံ ရဲအုပ် ရဲကြည်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရန် အချက်များကိုလည်းကောင်း ဆွေးနွေးဟောပြောကြသည်။ ထို့နောက် တက်ရောက်လာသူများက သိရှိလိုသည့် အချက်များကို မေးမြန်းဆွေးနွေးရာ ဟောပြောသူများက ပြန်လည်ရှင်းလင်းကြကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာ-စင်ကာပူ စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၀

စင်ကာပူနိုင်ငံ International Enterprises(IE) နှင့် Singapore Business Federation (SBF)မှ ဥက္ကဋ္ဌ Mr.Tony Chew ခေါင်းဆောင်သည့် ကုမ္ပဏီ ၇၀မှ အဖွဲ့ဝင် ၁၁၅ ဦးခန့်ပါဝင်သော စီးပွားရေးမစ်ရှင်အဖွဲ့သည် ရင်းနှီးမြှုပ်နှံမှုနှင့် နှစ်နိုင်ငံ အပြန်အလှန်စီးပွားရေးလုပ်ငန်းများ တိုးမြှင့်ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် မြန်မာစီးပွားရေးလုပ်ငန်းရှင်များနှင့် စီးပွားရေး လုပ်ငန်းများအလိုက် ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၉ နာရီတွင် အသင်းချုပ်ရုံး၌ တွေ့ဆုံဆွေးနွေးကြမည်ဖြစ်သည်။

အဆိုပါဆွေးနွေးပွဲတွင် ကြော်ငြာလုပ်ငန်း၊ ဘဏ်လုပ်ငန်း၊ စတီးနှင့်လျှပ်စစ်ပစ္စည်းအမျိုးမျိုး၊ လယ်ယာစိုက်ပျိုးရေးထုတ်ကုန်ပစ္စည်းလုပ်ငန်း၊ ဆီအုန်း၊ ရော်ဘာစိုက်ပျိုးရေးလုပ်ငန်း၊ အဝတ်အထည်လုပ်ငန်း၊ စားသောက်ကုန်လုပ်ငန်း၊ သတ္တုတွင်းလုပ်ငန်း၊ ဆောက်လုပ်ရေးသုံးပစ္စည်းအမျိုးမျိုး၊ အင်ဂျင်နီယာလုပ်ငန်း၊ ဆေးနှင့်ဆေးရွက်ကြီးလုပ်ငန်း၊ စာရင်းနှင့်အခွန်လုပ်ငန်း၊ လူသုံးကုန်ပစ္စည်းအမျိုးမျိုး၊ အလှကုန်နှင့် ဖက်ရှင်လုပ်ငန်း၊ ဆီနှင့်ဓာတ်ငွေ့လုပ်ငန်း၊ ဓာတုဗေဒထုတ်ကုန်ပစ္စည်း၊ လုံခြုံရေးဆိုင်ရာ တပ်ဆင်ပစ္စည်းများ၊ သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးလုပ်ငန်း၊ သစ်သားနှင့်တာယာဖြန့်ဝေခြင်းလုပ်ငန်း၊ ပညာရေးဆိုင်ရာလုပ်ငန်းများ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း စသည်တို့ကို သတ်မှတ်ထားသောလုပ်ငန်းအုပ်စုများအလိုက် ဆွေးနွေးကြမည်ဖြစ်သည်။

သို့ပါ၍ အထက်ပါဆွေးနွေးပွဲသို့ ကိုယ်တိုင်(သို့မဟုတ်) ကိုယ်စားလှယ်များသည် Registration Form များကို အသင်းချုပ်တွင် လာရောက်ထုတ်ယူပြီး ဖေဖော်ဝါရီ ၁၁ ရက် နောက်ဆုံးထားပေးပို့ရန်ဖြစ်ကြောင်း သိရှိရသည်။

(ကုန်သည်/စက်မှုအသင်းချုပ်)

YPGG ဂေါက်သီးရိုက်ပြိုင်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၀

ယုဇနပလာဇာ ဂေါက်သီးရိုက်အသင်း(YPGG)ရန်ကုန်၏(၄၄)ကြိမ်မြောက် ဂေါက်သီးရိုက်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၁ ရက်(အင်္ဂါနေ့) နံနက် ၆နာရီခွဲတွင် ရန်ကုန်မြို့တော် ဂေါက်ကွင်း (မြကန်သာ) ၌ ကျင်းပမည်ဖြစ်ရာ အသင်းသားတိုင်း ပါဝင်နိုင်ရန်နှင့် အသေးစိတ်သိရှိလိုပါက ဦးချစ် ဖုန်း-၀၉-၅၁၀၅၄၃၅၊ ဦးတင်ရွှေ ဖုန်း-၀၉-၀၅၁၆၈၁၇၈၊ ဦးကျော်ဝင်း ဖုန်း-၀၉-၅၁၅၄၄၀၈ နှင့် ဦးထွန်းထွန်းဦး ဖုန်း-၀၉-၅၀၁၆၆၁၆တို့ထံသို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်သူများအား အထက(သုဝဏ္ဏ)၌ ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၀

ရန်ကုန်အရှေ့ပိုင်းခရိုင် သင်္ဃန်းကျွန်းမြို့နယ် အထက(သုဝဏ္ဏ)ကျောင်း အကျိုးတော်ဆောင်အဖွဲ့ကကြီးမှူး၍ ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ မြန်မာတစ်နိုင်ငံလုံး(သိပ္ပံဘာသာတွဲ)ဒုတိယဆုရှင်နှင့် ဘာသာစုံဂုဏ်ထူးရှင်များအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၇ ရက် နံနက် ၈ နာရီက အထက(သုဝဏ္ဏ)၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ကရင်တိုင်းရင်းသား ရေးရာဝန်ကြီး၊ တိုင်းဒေသကြီးလွှတ်တော် တိုင်းရင်းသားရေးရာကော်မတီဥက္ကဋ္ဌ ဦးစောထွန်းအောင်မြင့်၊ တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့နာယက အငြိမ်းစားညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးအောင်ဒင်(ငြိမ်း)နှင့် မိဘဆရာအသင်းနာယက ဦးခင်ဝေတို့က ဂုဏ်ပြုစကားပြောကြားပြီး ဆုတံဆိပ်နှင့်ဂုဏ်ပြုငွေသားဆုချီးမြှင့်ပေးကြသည်။

အခမ်းအနားတွင် ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ အထက(သုဝဏ္ဏ)မှ မြန်မာတစ်နိုင်ငံလုံး ဒုတိယ၊ ရန်ကုန်တိုင်းဒေသကြီး ဒုတိယ၊ ဘာသာစုံဂုဏ်ထူးရှင်မယမင်းအေး **(အောက်ပုံ)**အပါအဝင် ခြောက်ဘာသာဂုဏ်ထူးရှင်လေးဦးတို့အား ဂုဏ်ပြုဆုချီးမြှင့်ပေးခဲ့ကြောင်း သိရှိရသည်။ **(ပညာရေး)**

ယာဉ်အန္တရာယ်ကင်းရှင်းရေး ပညာပေးဟောပြောပွဲကျင်းပ

ဖန်းမော် ဖေဖော်ဝါရီ ၁၀

ကချင်ပြည်နယ် ဗန်းမော်မြို့ သူနာပြုသင်တန်းကျောင်း၌ ယာဉ်တိုက်မှုလျော့နည်းကျဆင်းရေး၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးအတွက် ပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၂၆ ရက် မွန်းလွဲပိုင်းကကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ရုံးတွင် ကျင်းပရာ ပြည်နယ်ဦးစီးမှူး ဦးလျန်ကျင့်မန်ကပရိုဂျက်တာဖြင့် ရှင်းလင်းဟောပြောခဲ့ကြောင်းသိရှိရသည်။ **(ကညန)**

မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်း အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၀

မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်း အလုပ်အမှုဆောင်အဖွဲ့၏ (၃/၂၀၁၂) အစည်းအဝေးကို ဖေဖော်ဝါရီ ၇ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower ပထမထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်မြင့်(ရွှေမြင်းပျံရွှေသန့်စင်လုပ်ငန်း)က အမှာစကားပြောကြားသည်။ **(အောက်ပုံ)** ထို့နောက် အတွင်းရေးမှူးဦးကျော်ဝင်း (ဦးထုံ ရွှေပန်းထိမ်ရွှေဆိုင်)က နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုရန် ရွှေအရောင်းအဝယ် လုပ်ငန်းများတွင် လေပတ်ကားဖြင့် ရောင်းဝယ်ခြင်းပပျောက်စေရန် ဖြစ်နိုင်သည့် နည်းလမ်းများကို ဆွေးနွေးတင်ပြသည်။ ထို့နောက် ရန်ကုန်နှင့် မန္တလေးတိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း အလုပ်အမှုဆောင်အဖွဲ့ဝင်များက မိမိတို့အသင်းများ၏ လေပတ်ကားရောင်းဝယ်ရေး တားဆီးဆောင်ရွက်ချက်များကို တင်ပြကြသည်။

ပြန်လည်ရှင်းလင်း

ထို့နောက် တက်ရောက်လာကြသည့် တိုင်းဒေသကြီးနှင့်ပြည်နယ် ရွှေလုပ်ငန်းရှင်အသင်း အလုပ်အမှုဆောင်များက ရွှေဈေးနှုန်းတည်ငြိမ်မှုကို ပျက်ပြားစေမည့် လေပတ်ကားပုံစံဖြင့် အရောင်းအဝယ် မပြုလုပ်ရန်နှင့် တိုင်းဒေသကြီးနှင့်ပြည်နယ် အသင်းများက မိမိတို့အသင်းဝင်များကို ပြန်လည်ရှင်းလင်းအသိပေးတားမြစ်ရန် ဆုံးဖြတ်ကြကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

လျှပ်စစ်ဓာတ်အား သုံးစွဲမှု သတိပြု

လျှပ်စစ်ဓာတ်အား သုံးစွဲရာတွင် လျှပ်စစ်ဝိုင်ယာရှော့ခ်ဖြစ်ခြင်း (**Wire Shock**)၊ လျှပ်စစ်ဓာတ်အား မြင့်တက်ခြင်း (**Over Loading**)၊ ချွတ်ယွင်းပျက်စီးနေသော လျှပ်စစ်ပစ္စည်းများအသုံးပြုခြင်း (**Use of Defective Tools and Applian**)၊ မီးအားထိန်းကိရိယာ (**Safe Guard**) ချွတ်ယွင်း၍ အလိုအလျောက် (**Auto**) ပြုတ်မကျခြင်းတို့ကြောင့် မီးလောင်မှုများ စတင်ဖြစ်ပွားနိုင်ပြီး မလိုလားအပ်သော ဆုံးရှုံးမှုများဖြစ်ပွားနိုင်သဖြင့် လျှပ်စစ်ဓာတ်အားအသုံးပြုရာတွင် ချွတ်ယွင်းပျက်စီးနေသော လျှပ်စစ်ပစ္စည်းများ၊ မီးကြိုးများ မသုံးစွဲကြရန်၊ စံချိန် စံညွှန်းနှင့်ကိုက်ညီသည့် လျှပ်စစ်ပစ္စည်းများကိုသာ သုံးစွဲကြရန်၊ လျှပ်စစ်ပစ္စည်းများကို မီးဒဏ်ခံနိုင်သော နေရာများတွင်သာ တပ်ဆင်၍ အနီးအနားတွင် မီးလောင်လွယ်သော ပစ္စည်းများမထားရှိစေရေး၊ သတိပေးနှိုးဆော်အပ်ပါသည်။ (မီးသတ်ဦးစီးဌာန)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် အီရန်နိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၁၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ဖေဖော်ဝါရီ ၁၁ ရက်တွင်ကျရောက်သော အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အလီအက်ဘာ ဘာလီဟီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား ဂျပန်နိုင်ငံ Mitsui ကုမ္ပဏီမှ ညွှန်ကြားရေးမှူးနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၀

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား ဂျပန်နိုင်ငံ Mitsui ကုမ္ပဏီမှ ညွှန်ကြားရေးမှူး Mr.Masayuki Kinoshita ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၁၁ နာရီတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံသည်။(အပေါ်ပုံ)

ယင်းသို့တွေ့ဆုံရာတွင် Mr. Masayuki Kinoshita က မြန်မာနိုင်ငံ၌ သံမဟုတ်သော သတ္တုများ၊ မြေရှားဒြပ်စင်များ၊ မင်းဂနီးဒိုင်အောက်ဆိုက်သတ္တုများ ဖြစ်ထွန်းမှုအပေါ် ရှာဖွေတူးဖော် ထုတ်လုပ်ရေးအတွက် အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးဆောင်ရွက်လိုကြောင်း ဆွေးနွေးခဲ့ရာ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ နေရာအနှံ့အပြားတွင် အဖိုးတန်သတ္တုများ၊ သံနှင့်သံမဟုတ် စက်မှုလုပ်ငန်းသုံးသတ္တုများ၊ စက်မှုကုန်ကြမ်းသတ္တုများ ဖြစ်ထွန်းနေကြောင်း၊ ယင်းသတ္တုသယံဇာတများ ရှာဖွေတူးဖော်ထုတ်လုပ်ရေးအတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ အဆင့်လိုက် အချိန်ကာလတိုအတွင်း ဆောင်ရွက်သွားနိုင်ကြောင်း ရှင်းလင်းဆွေးနွေးပြောကြားခဲ့ပြီး ပူးပေါင်းဆောင်ရွက်ရေးအတွက် ရင်းနှီးခင်မင်စွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်အား ဘယ်လာရုစ်သံအမတ်ကြီးနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၀

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်အား မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်သမ္မတနိုင်ငံ သံအမတ်ကြီး H. E. Mr. Valery SADOKHO ဦးဆောင်သောအဖွဲ့သည် ဖေဖော်ဝါရီ ၈ ရက် နံနက် ၁၀ နာရီတွင် အဆိုပါဝန်ကြီးရုံး၌လာရောက်တွေ့ဆုံ၍**(အပေါ်ပုံ)**အရည်အချင်းပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သိပ္ပံနှင့် နည်းပညာဆိုင်ရာအခန်းကဏ္ဍများတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ကိုကိုဦးနှင့် စက်မှုနှင့်သက်မွေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်မင်းအောင်တို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၀

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ယနေ့တွင် မြို့တိုင်းရင်းသားပါတီက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လာရောက်လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

✻ ကျောဖုံးမှ

ခရိုင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့်အဖွဲ့ခွဲဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးက လွှတ်တော်အသီးသီးတွင် လစ်လပ်လျက်ရှိသည့် မဲဆန္ဒနယ်များအတွက် ဧပြီ ၁ ရက်တွင်ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲကို လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စီစဉ်ဆောင်ရွက်ထားမှုများနှင့် တိုင်းဒေသကြီးနှင့်ခရိုင်၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်က လိုက်နာအကောင်အထည်ဖော်သွားရမည့်လုပ်ငန်းများနှင့်စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းမှာကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကိုကိုက ရန်ကုန်တိုင်းဒေသကြီးအတွင်း ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲအတွက် ပြင်ဆင်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ခရိုင်လေးခရိုင်နှင့် မြို့နယ်ခြောက်မြို့နယ်မှ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများက ခရိုင်နှင့် မြို့နယ်အလိုက် ကြားဖြတ်ရွေးကောက်ပွဲအတွက် ပြင်ဆင်ထားရှိမှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ရန်ကုန်တိုင်းဒေသကြီး တာဝန်ခံ ဒေါက်တာဒေါ်မြင့်ကြည်က ကြားဖြတ်ရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားပြီး တွေ့ဆုံပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

နိုင်ငံတော်အရန်ဆန်ထားရှိရေး ကြီးကြပ်မှုကော်မတီ တောင်သူများထံမှ စပါးတိုက်ရိုက်ဝယ်ယူလျက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၁၀

နိုင်ငံတော်အရန်ဆန်ထားရှိရေး ကြီးကြပ်မှုကော်မတီအစည်းအဝေးကို ဖေဖော်ဝါရီ ၄ ရက်တွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း UMFCCI Office Tower ရှိ မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်း အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်အရန်ဆန်ထားရှိရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များ၊ လုပ်ငန်းကော်မတီဝင်များတက်ရောက်ကြပြီး နိုင်ငံတော်အရန်ဆန်အတွက် စပါးဝယ်ယူရေးအစီအစဉ်များ၊ တောင်သူလယ်သမားများထံမှ တိုက်ရိုက်ဝယ်ယူနိုင်ရေး စီစဉ်ကြပ်မတ်ဆောင်ရွက်မှုများ၊ လုပ်ငန်းပိုင်းဆိုင်ရာ သယ်ယူပို့ဆောင်ရေးနှင့် သိုလှောင်ထားရှိရေး၊ အရည်အသွေးနှင့် အလေးချိန် စနစ်တကျထားရှိရန်နှင့်ဘဏ္ဍာငွေစီမံခန့်ခွဲရေးကိစ္စများကို ဆွေးနွေးကြသည်။

နိုင်ငံတော်အရန်ဆန် အစီအစဉ်ကို နိုင်ငံတော်၊ ဗဟိုသမဝါယမအသင်း၊ မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းတို့က ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း တောင်သူများထံမှ တိုက်ရိုက်ဝယ်ယူခြင်းဖြစ်ပြီး ၄၆ ပေါင်ကိုက် ပြည့်မီပါက ကျပ်ငွေ ၃၃၀၀၀၀ နှုန်းဖြင့် ဝယ်ယူလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖေဖော်ဝါရီ ၁၀ ရက်က ရန်ကုန်မြို့ ရုရှား ဖက်ဒရေးရှင်းနိုင်ငံ သံရုံး၌ ကျင်းပသည့် ရုရှား ဖက်ဒရေးရှင်း နိုင်ငံ၏ Diplomatic Service Day ညှိခံပွဲသို့ တက်ရောက်လာသော နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်အား မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E.Dr. Mikhail M. Mgeladze ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ရိုးဝကျေးရွာအခြေခံပညာမူလတန်းလွန်ကျောင်း၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၆ ရက်က အဆိုပါကျောင်းခန်းမ၌ကျင်းပရာ သူငယ်တန်းမှ ဆဋ္ဌမတန်းအထိ ခုနစ်နှစ်ဆက်တိုက် ပထမဆုရ မချောစုလှိုင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ခင် ဆုချီးမြှင့်စဉ်။ (မြို့နယ် ပြန်/ဆက်)

မြောက်ပိုင်းဒေသများ မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၁၀

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ ညအပူချိန်များမှာ ကရင်ပြည်နယ်တွင်ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၃ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့် ညအပူချိန်များမှာ နမ့်စန်မြို့တွင် ၂ ဒီဂရီစင်တီဂရိတ်၊ ဟဲဟိုးမြို့တွင် ၅ ဒီဂရီစင်တီဂရိတ်၊ လားရှိုးမြို့နှင့် ဟားခါးမြို့တို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်မှာ မြိတ်မြို့တွင် ၁ ဒသမ ၁၀ လက်မ ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ပေးအပ်လှူဒါန်း

ဇန်နဝါရီ ၂၈ ရက်က မုဒုံမြို့ မြို့မ(၃)ရပ်ကွက် ပိန်းနဲတိုက်နေ ဦးစံသွင် မိသားစုက မုဒုံမြို့ ဘိုးဘွားရိပ်သာငွေပဒေသာပင်အတွက် အလှူငွေကျပ်ငါးသိန်းကို ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးလှသိန်းထံ ပေးအပ်လှူဒါန်းစဉ်။

(ဘိုးဘွားရိပ်သာ)

နောက်ဆုံးရ နိုင်ငံတကာသတင်း

★ ☆ မိုးမြင့်လင်းလက် - စုစည်းသည် ☆ ★

အင်ဒိုနီးရှား၌ လိုကန်မီးတောင်ပေါက်ကွဲ

ဂျကာတာ ဖေဖော်ဝါရီ ၁၀

အင်ဒိုနီးရှားနိုင်ငံ မြောက်ဆူလာဝေစီပြည်နယ်တွင်ရှိသော လိုကန်မီးတောင်သည် ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၈ နာရီ မိနစ်၂၀က ပေါက်ကွဲမှုစတင်ဖြစ်ပွားခဲ့ကြောင်း အင်ဒိုနီးရှားအရာရှိများက ပြောကြားသည်။

မီးတောင်ပေါက်ကွဲမှုကြောင့် အနီးဝန်းကျင်တွင် ပေါက်ကွဲသံများ မြည်ဟည်းလျက်ရှိပြီး မီးတောင်ထိပ်ဝမှ မီးတောက်မီးလျှံနှင့်မီးခိုးများမှာ ဝေဟင်သို့ပျံ့လွင့်လျက်ရှိသည်။ **(အပေါ်ပုံ)**ထိုသို့ မီးတောင်ထိပ်ဝမှ ထွက်ပေါ်လာသော မီးခိုးနှင့်ပြာမှုန်များမှာ မီတာ ၂၀၀၀ အမြင့်ထိ ဝေဟင်သို့ လွင့်ပျံ့နေသည်ဟု ၎င်းတို့က ပြောကြားသည်။ မီးတောင်ပေါက်ကွဲနေသဖြင့် ပြည်သူများအား သတိပေးချက်ထုတ်ပြန်ထားသည်။ ထို့အပြင် ဆက်လက်ပေါက်ကွဲမှုများဖြစ်ပေါ်နိုင်သဖြင့် ဒေသခံများ အထူးဂရုပြုနေထိုင်ကြရန်လည်း သတိပေးထားသည်။ မီးတောင်အနီး နေထိုင်သူများအား ရွှေ့ပြောင်းနေထိုင်ရန် တိုက်တွန်းထားကြောင်း၊ သို့သော် အလှမ်းကွာဝေးသည့် ဒေသခံများအား ရွှေ့ပြောင်းစေမည်မဟုတ်ကြောင်း ၎င်းတို့က ပြောကြားသည်။ **(အင်တာနက်)**

ပင်လယ်နီတွင် ရေငုပ်သင်္ဘောနစ်မြုပ် ဂျာမန်ကမ္ဘာလှည့်ခရီးသွားသုံးဦး သေဆုံး

ကိုင်ရို ဖေဖော်ဝါရီ ၁၀

အီဂျစ်နိုင်ငံ ကမ်းခြေအပန်းဖြေစခန်း ဟက်ဟာဒါအနီး ပင်လယ်နီရေပြင်တွင် ရေငုပ်သင်္ဘောတစ်စင်း နစ်မြုပ်မှုကြောင့် ဂျာမန်ကမ္ဘာလှည့်ခရီးသွားသုံးဦးသေဆုံးခဲ့ကြောင်း အီဂျစ်သတင်းဌာနမီနာက ဖေဖော်ဝါရီ ၁၀ ရက်၌ သတင်းထုတ်ပြန်သည်။

နစ်မြုပ်ခဲ့

ပင်လယ်နီအတွင်း အပျော်ခရီးစဉ်အဖြစ် ကမ္ဘာလှည့်ခရီးသွားများကို ရေငုပ်သင်္ဘောဖြင့် လှည့်လည်ပို့ဆောင်ပေးလျက်ရှိရာ ယခုခရီးစဉ်၌ ကမ္ဘာလှည့်ခရီးသွားဧည့်သည် ၃၀အား တင်ဆောင်မောင်းနှင်စဉ် ရေငုပ်သင်္ဘောနစ်မြုပ်ခဲ့ခြင်းဖြစ်သည်ဟု ယင်းသတင်းတွင် ဖော်ပြသည်။

သေဆုံးသူများမှာ မိသားစုဝင်တစ်စုတည်းမှဖြစ်ပြီး အသက် ၅၃ နှစ်အရွယ် ဖခင် ဒန်နီရယ်၊အသက် ၄၅ နှစ်အရွယ် အင်ဒရီရယ်နှင့် အသက်ကိုးနှစ်အရွယ်သားဖြစ်သည့် ဒီနီကက်စ်တို့ဖြစ်ကြသည်။

စုံစမ်းစစ်ဆေး

ရေငုပ်သင်္ဘောမှ အခြားခရီးသွားများကို ကယ်ဆယ်နိုင်ခဲ့သည်။ ရေငုပ်သင်္ဘော မတော်တဆနစ်မြုပ်မှုနှင့်ပတ်သက်ပြီး တာဝန်ရှိသူများက စုံစမ်းစစ်ဆေးလျက်ရှိသည်။ **(အင်တာနက်)**

အိန္ဒိယမြောက်ပိုင်း၌ စက်ရုံမီးလောင်၊ ကိုးဦးသေဆုံး

နယူးဒေလီ ဖေဖော်ဝါရီ ၁၀

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတရာခန်ပြည်နယ်တွင်ရှိသော အီလက်ထရွန်နစ်စက်ရုံတစ်ရုံ ဖေဖော်ဝါရီ ၉ ရက် ညက မီးလောင်မှုဖြစ်ပွားရာ လူကိုးဦးသေဆုံးခဲ့ကြောင်း အိန္ဒိယမီဒီယာများက ဖေဖော်ဝါရီ ၁၀ ရက်၌ ဖော်ပြသည်။ **(အပေါ်ပုံ)**

ငြိမ်းသတ်နိုင်ခဲ့

အဆိုပါစက်ရုံသည် အီလက်ထရွန်နစ်ပစ္စည်းအစိတ်အပိုင်းများ ထုတ်လုပ်ပေးသော စက်ရုံဖြစ်သည်။ မီးစတင်လောင်ကျွမ်းမှုမှာ ယင်းနေ့မွန်းလွဲပိုင်းက စတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး ည ၉ နာရီခန့်၌ မီးလုံးဝငြိမ်းသတ်နိုင်ခဲ့သည်။

သေဆုံးသူများမှာ စက်ရုံအလုပ်သမားများဖြစ်ပြီး မီးစတင်လောင်ကျွမ်းမှုနှင့် ပတ်သက်ပြီး စုံစမ်းစစ်ဆေးလျက်ရှိသည်။ မီးလောင်မှုကို မီးသတ်မော်တော်ယာဉ်ရှစ်စီးဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရသည်။ **(အင်တာနက်)**

တိဗက်ဒေသတွင် နှင်းမုန်တိုင်းကျ

လာဆာ ဖေဖော်ဝါရီ ၁၀

တရုတ်နိုင်ငံအနောက်တောင်ပိုင်း တိဗက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ဖေဖော်ဝါရီ ၉ ရက်က နှင်းမုန်တိုင်းများဆက်လက်ဖြစ်ပေါ်ခဲ့ရာ ယာဉ်ကြောပိတ်ဆို့မှု၊ လျှပ်စစ်ဓာတ်အားထောက်ပံ့မှုနှင့် ဆက်သွယ်ရေးဆိုင်ရာများပြတ်တောက်မှုဖြစ်ခဲ့ပြီး နေအိမ်အများအပြားလည်း ပျက်စီးခဲ့ကြောင်း အဆိုပါဒေသရှိ တာဝန်ရှိသူများက ပြောကြားသည်။ **(အောက်ပုံ)**

ရှီဂါတတ်စ်နှင့် အလီဒေသများတွင် ယင်းနေ့ညကတည်းက အဆိုပါနှင်းမုန်တိုင်းများ၏ ဝင်ရောက်တိုက်ခတ်ဖျက်ဆီးမှုကို ခံခဲ့ရသည်။ ဖေဖော်ဝါရီ ၉ ရက် အစောပိုင်းက ယင်းဒေသများရှိ မြေပြင်ပေါ်တွင် နှင်းထုများ မီတာဝက်အနက်အထိ စုပုံကျဆင်းခဲ့ကြောင်း အဆိုပါ တိဗက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အာဏာပိုင်များက ပြောကြားသည်။ ရှီဂါတတ်စ်ဒေသရှိ ဂျီရွန်စီရင်စုတွင် အဆိုပါ နှင်းမုန်တိုင်းကြောင့် နေအိမ် ၁၁ လုံးပျက်စီးခဲ့ပြီး အခြားဒေသများတွင် နေအိမ် ၁၉ လုံးအထိ ပျက်စီးခဲ့ကြောင်း၊ သို့သော်လည်း နေအိမ်ပျက်စီးမှုကြောင့် အဆိုပါဒေသတွင် နေထိုင်သည့် ဒေသခံများမှာ သေဆုံးမှုမရှိကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။ **(အင်တာနက်)**

ရေပြင်ပိုင်နက် လုံခြုံရေးအတွက် ကင်းလှည့်လေယာဉ်ငါးစင်း စင်ကာပူမှ အင်ဒိုနီးရှားသို့လက်ဆောင်ပေး

ဂျကာတာ ဖေဖော်ဝါရီ ၁၀

စင်ကာပူနိုင်ငံမှ အင်ဒိုနီးရှားနိုင်ငံ ကမ်းခြေစောင့်ရဲတပ်ဖွဲ့ဝင်များ ရေကြောင်းကင်းလှည့်ရာတွင် အသုံးပြုရန်အတွက် ကင်းလှည့်လေယာဉ်ငါးစင်းကို လက်ဆောင်အဖြစ်ပေးအပ်လိုက်ကြောင်း စင်ကာပူအရာရှိများက ဖေဖော်ဝါရီ ၁၀ ရက်တွင် သတင်းထုတ်ပြန်သည်။

ပြောကြား

ယင်းသို့ကင်းလှည့်လေယာဉ်များ လက်ဆောင်ပေးခြင်းသည် နှစ်နိုင်ငံအကြား ရဲတပ်ဖွဲ့အချင်းချင်း နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ရန်နှင့် ချစ်ကြည်ရင်းနှီးမှု ပိုမိုရရှိစေရန်ဖြစ်ကြောင်း စင်ကာပူရဲတပ်ဖွဲ့က ပြောကြားသည်။

ဆောင်ရွက်မည်

အင်ဒိုနီးရှားနှင့် စင်ကာပူရေပြင်များတွင် ရေပြင်ပိုင်နက်လုံခြုံရေးအတွက် ပူးတွဲဆောင်ရွက်ရန်အတွက်လည်း အထောက်အပံ့ဖြစ်စေပြီး နိုင်ငံပင်လယ်ရေပြင်ပိုင်နက်နယ်စပ်တစ်လျှောက် လုံခြုံရေးအတွက် အတူတကွလက်တွဲဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့အပြင် နှစ်နိုင်ငံ ရေပြင်ပိုင်နက်များကို အနာဂတ်ကာလတွင်လည်း ပူးတွဲကင်းလှည့်မှုများနှင့် လုံခြုံရေးအတွက် တိုးမြှင့်ဆောင်ရွက်မှုများ ပြုလုပ်သွားကြမည်ဖြစ်သည်။ **(အင်တာနက်)**

ကွန်ဂိုအမျိုးသားသဘာဝဥယျာဉ်မှ ဆင် ၅၀၀ ကျော် ဥပဒေမဲ့သတ်ဖြတ်ခံရ

ကင်ရှာဆာ ဖေဖော်ဝါရီ ၁၀

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ အရှေ့ပိုင်းရှိ ဗီရန်ဂါ အမျိုးသားသဘာဝဥယျာဉ်မှ ဆင်ကောင်ရေ ၅၀၀ ကျော်တို့ကို ၂၀၁၀ နောက်ပိုင်းတွင် မုဆိုးများက ဥပဒေမဲ့သတ်ဖြတ်ခဲ့ကြကြောင်း ကွန်ဂိုသဘာဝထိန်းသိမ်းရေးညွှန်ကြားရေးမှူး ဘူယာမာက ဖေဖော်ဝါရီ ၉ ရက်တွင် ပြောကြားသည်။

သားရဲတိရစ္ဆာန်များအား ဥပဒေမဲ့သတ်ဖြတ်မှု တားဆီးရေးညီလာခံကို ကင်ရှာဆာမြို့၌ကျင်းပစဉ် တက်ရောက်လာသော ဘူယာမာက အထက်ပါအတိုင်း ထုတ်ဖော်ပြောကြားသည်။

၂၀၁၀ မှစ၍ ဆင်ကောင်ရေ ၅၀၀ ခန့်အသတ်ခံရကြောင်း **(ယာပုံ)**၊ ယင်းကိစ္စမှာ အမှန်ပင်ဖြစ်ကြောင်း၊ ဤကိစ္စကို ထိရောက်စွာ မတားဆီးနိုင်ပါက ဗီရန်ဂါအမျိုးသားသဘာဝဥယျာဉ်မှ ဆင်များမျိုးသုဉ်းပျောက်ကွယ်သွားနိုင်ကြောင်း ၎င်းက သတိပေးတင်ပြလိုက်သည်။

ဤအမျိုးသားသဘာဝဥယျာဉ်မှ ဆင်များသာမက အခြားသောတောရိုင်းတိရစ္ဆာန်များလည်း သတ်ဖြတ်ခံရကြောင်း ၎င်းကထည့်သွင်းပြောကြားသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းပဒေသာအတိုအထွာ (၁၀-၂-၂၀၁၂)

➤ တင်မောင်လွင် - စုစည်းသည် ➤

၂၀၁၁ ခုနှစ်၌ မလေးရှားကုန်သွယ်မှုမှာ စံချိန်တင်ရရှိ

ဥရောပကြွေးမြီတင်ခြင်းနှင့် အမေရိကန်ဒေါ်လာတန်ဖိုးကျဆင်းလာခြင်း၏လှိုင်းဂယက်ဒဏ်ကို လျော့ပါးအောင်ဆောင်ရွက်ပေးမှုနှင့်အတူ အာရှတွင်ဝယ်လိုအားများ မြင့်မားလာခြင်းကြောင့် မလေးရှားနိုင်ငံ၏ ကုန်သွယ်မှုမှာ ၂၀၁၁ ခုနှစ် တွင် (အမေရိ ကန်ဒေါ်လာ ၄၂၂ ဘီလီယံ)အထိ စံချိန်တင်ရရှိခဲ့သဖြင့် တစ်နှစ်ကျော် တွင် ၈ ဒသမ ၇ ရာခိုင်နှုန်းတိုးလာပြီး မျှော်မှန်းထားသည့်ပန်းတိုင်သို့ ရောက်ရှိခဲ့ကြောင်း ၎င်းစာရင်းဇယားများအရ ဖေဖော်ဝါရီ ၉ ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။

ပြီးခဲ့သည့် ၂၀၁၀ ခုနှစ်က ပို့ကုန်စုစုပေါင်းမှ အမေရိကန်ဒေါ်လာ ၂၁၂ ဒသမ ၄၄ ဘီလီယံရရှိခဲ့သည်မှ ၂၀၁၁ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂၃၀ ဒသမ ၉၇ ဘီလီယံအထိရရှိခဲ့ကြောင်း၊ ထိုအတောအတွင်း သွင်းကုန်စုစုပေါင်းမှာလည်း ပြီးခဲ့သည့် ၂၀၁၀ ခုနှစ်က အမေရိကန်ဒေါ်လာ ၁၇၅ ဒသမ ၈၆ ဘီလီယံမှ ၂၀၁၁ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၉၀ ဒသမ ၉၆ ဘီလီယံအထိ ရရှိခဲ့သဖြင့် တစ်နှစ်အတွက် စုစုပေါင်း ရရှိမှုမှာ ၈ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်လာသည်ကို တွေ့ရှိရကြောင်း ယင်းသတင်းတွင် ဖော်ပြထားသည်။

ဆိုမာလီနိုင်ငံ မိုဂါဒစ်ရှူး၌ အသေခံဗုံးခွဲတိုက်ခိုက်

ဆိုမာလီနိုင်ငံ မိုဂါဒစ်ရှူးမြို့ရှိ ဟိုတယ်တစ်ခု၏အပြင်ဘက်၌ ဖေဖော်ဝါရီ ၈ ရက်က အသေခံကားဗုံးဖောက်ခွဲတိုက်ခိုက်မှုကြောင့် အနည်းဆုံး အရပ်သား ၁၂ ဦး သေဆုံးခဲ့ပြီး လူတစ်ဒါဇင်ထက်မနည်း ဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာမီဒီယာများက ပြောကြားသည်။

အဆိုပါအသေခံကားဗုံးခွဲတိုက်ခိုက်ရေးသမားသည် ဟာမာဝိုင်ခရိုင်အတွင်းရှိ မူနာဟိုတယ်အနီး၌ တိုက်ခိုက်ခြင်းဖြစ်ကြောင်း၊ မိုဂါဒစ်ရှူးမြို့ရှိ ဘီဘီစီသတင်းထောက်တစ်ဦး၏ပြောကြားချက်အရ အဆိုပါအသေခံကားဗုံးခွဲတိုက်ခိုက်ရေးသမားသည် ကားတစ်စီးပေါ်တွင် ဖောက်ခွဲရေးပစ္စည်းများတင်ဆောင်လာပြီး ယင်းဟိုတယ်၏လက်ဖက်ရည်ဆိုင်အနီး ဖောက်ခွဲတိုက်ခိုက်ခြင်းဖြစ်ကြောင်း၊ ဖြစ်ပွားချိန်တွင် အဆိုပါဆိုင်၌ လူအများအပြားထိုင်နေခဲ့ကြောင်း သိရသည်။ ဆိုမာလီအယ်လ်ရှာဘတ်အကြမ်းဖက်အုပ်စုက အဆိုပါတိုက်ခိုက်မှုသည် ၎င်းတို့၏လက်ချက်ဖြစ်ကြောင်း၊ ယင်းနေရာတွင် ဆိုမာလီပါလီမန်အဖွဲ့ဝင် ၁၀၀ ကျော်နှင့် အစိုးရအရာရှိကြီးများနေထိုင်ပြီး ၎င်းတို့အား ပစ်မှတ်ထား၍ အဆိုပါဟိုတယ်ကို တိုက်ခိုက်ခြင်းဖြစ်ကြောင်း အယ်လ်ရှာဘတ်ရေဒီယို ထုတ်လွှင့်ရေးဌာနက ကြေညာသည်။

ဘိုလီးဗီးယားတွင် ဘတ်စ်ကားတစ်စီး မြစ်အတွင်းထိုးကျ

ဘိုလီးဗီးယားနိုင်ငံတွင် ဖေဖော်ဝါရီ ၈ ရက်က ခရီးသည်တင်ဘတ်စ်ကားတစ်စီး မြစ်အတွင်းထိုးကျမှုကြောင့် အနည်းဆုံး ခရီးသည် ၁၂ ဦး သေဆုံးခဲ့ပြီး အခြား ၂၇ ဦးဒဏ်ရာရရှိခဲ့ကြောင်း ဒေသအာဏာပိုင်များက ပြောကြားသည်။

အဆိုပါဘတ်စ်ကားသည် ခရီးသည် ၄၀ အား တင်ဆောင်ပြီး နိုင်ငံအနောက်ပိုင်း အိုရူရိုဒေသနှင့်အလယ်ပိုင်း ကိုရှာဘန်ဘာဒေသသို့ ဆက်သွယ်ထားသည့် အဝေးပြေးလမ်းမပေါ် မောင်းနှင်နေစဉ် ကာပီရီမြစ်အတွင်းသို့ ထိုးကျသွားခဲ့ခြင်းဖြစ်ကြောင်း၊ စုံစမ်းစစ်ဆေးချက်အရ အင်ဂျင်ချွတ်ယွင်းမှုကြောင့် ထိုသို့မတော်တဆဖြစ်ပွားခြင်း ဖြစ်ကြောင်း ရဲတပ်ဖွဲ့ဝင်များက ပြောကြားသည်။

၂၀၁၁ ခုနှစ်၌ ဘော့ဆွာနာနိုင်ငံ စိန်စံချိန်တင် တင်ပို့နိုင်

ဘော့ဆွာနာနိုင်ငံ၏ စိန်တင်ပို့မှုမှာ ၂၀၁၁ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၄ ဒသမ ၅၀ ဘီလီယံရရှိခဲ့ပြီး ၂၀၀၁ ခုနှစ်ကတည်းကစ၍ အမြင့်ဆုံးဖြစ်ခဲ့ပြီး သမိုင်းတွင် စံချိန်တင်ခဲ့ကြောင်း ဖေဖော်ဝါရီ ၉ ရက်က ဘော့ဆွာနာဘဏ်၏ နောက်ဆုံးထုတ်ပြန်သည့်သတင်းအရ သိရသည်။

ဘော့ဆွာနာနိုင်ငံ၏ စိန်တင်ပို့မှုမှာ ပြီးခဲ့သည့် ၂၀၁၀ ခုနှစ်က ၃ ဒသမ ၂၁ ဘီလီယံရရှိသည်ထက်ကျော်လွန်ပြီး ၂၀၁၁ ခုနှစ်တွင် ပိုမိုရရှိခဲ့ကြောင်း ဘော့ဆွာနာ၏ အသစ်ထုတ်ပြန်သည့် ဘဏ္ဍာရေးစာရင်းဇယားတွင် ဖော်ပြသည်။ (အင်တာနက်)

(၆၄)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲ သဘောရေးဖြေနှင့် အာဂုံပြန်အောင်စာရင်း

ယမန်နေ့မှအဆက်

အဘိဓမ္မပိဋက၊ အဘိဓမ္မာဒုတိယပိုင်း နှစ်ကျမ်းအာဂုံအောင် တိပိဋကဓရ (၁)ပါး

၁။ ပလ္လင်အမှတ်(၁) အရှင်ပညာသိရီလင်္ကာရ၊ အသက်(၄၇)နှစ်၊ သိက္ခာ(၂၇)ဝါ တိပိဋကကျောင်းတော်၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

အဘိဓမ္မပိဋက၊ အဘိဓမ္မာပထမပိုင်း ငါးကျမ်းအာဂုံအောင် မူလအာဘိဓမ္မိက (၂)ပါး

၁။ ပလ္လင်အမှတ်(၄) အရှင်သုခိန္ဒြိယ၊ အသက် (၃၆)နှစ်၊ သိက္ခာ (၁၇)ဝါ ရွှေကျောင်းပရိယတ္တိစာသင်တိုက်၊ ဟသ်ာတမြို့ ဧရာဝတီတိုင်းဒေသကြီး၊ ၂။ ပလ္လင်အမှတ်(၅) အရှင်ပညာဝံသာဘိဝံသ၊ အသက်(၃၇)နှစ်၊ သိက္ခာ(၁၆)ဝါ တိပိဋက မဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

သုတ္တန္တပိဋက ဒီဃနိကာယ်သုံးကျမ်းအာဂုံအောင် ဒီဃဘာဏက(၄)ပါး

၁။ ပလ္လင်အမှတ်(၈) အရှင်မာနိတ၊ အသက် (၃၂)နှစ်၊ သိက္ခာ (၁၃)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ရန်ကုန်တိုင်းဒေသကြီး၊ ၂။ ပလ္လင်အမှတ်(၉) အရှင်အဂ္ဂဝံသ၊ အသက် (၃၀)နှစ်၊ သိက္ခာ (၁၁)ဝါ တိပိဋကကျောင်းတော်၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ၃။ ပလ္လင်အမှတ်(၁၀) အရှင်ဣန္ဒကာလင်္ကာရ၊ အသက်(၃၁)နှစ်၊ သိက္ခာ(၁၁)ဝါ တိပိဋက မဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ၄။ ပလ္လင်အမှတ်(၁၁) အရှင်ဇောတိသာရာလင်္ကာရ အသက် (၃၀)နှစ် သိက္ခာ (၁၀)ဝါ နိကာယ်စာသင်တိုက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ဝိနယပိဋက၊ ဝိနည်းဒုတိယပိုင်းသုံးကျမ်းအာဂုံအောင် ဝိနယဓရ (၂၇)ပါး

၁။ ပလ္လင်အမှတ် (၁၆) အရှင်ဇာနေယျဗုဒ္ဓိ၊ အသက် (၃၀)နှစ်၊ သိက္ခာ (၁၁)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ၂။ ပလ္လင်အမှတ် (၁၈) အရှင်အဂ္ဂဉာဏ၊ အသက် (၃၀)နှစ်၊ သိက္ခာ (၁၀)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ၃။ ပလ္လင်အမှတ် (၂၃) အရှင်သက္ကဇောတလင်္ကာရ၊ အသက် (၃၁)နှစ်၊ သိက္ခာ (၉)ဝါ တိပိဋကဓမ္မပါလကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ၄။ ပလ္လင်အမှတ်(၂၅) အရှင်လောကသိရီလင်္ကာရ၊ အသက် (၂၉)နှစ်၊ သိက္ခာ(၈)ဝါ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ၅။ ပလ္လင်အမှတ်(၂၆) အရှင်အဂ္ဂသီလ၊ အသက် (၂၈)နှစ်၊ သိက္ခာ(၈)ဝါ တိပိဋကနိကယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ၆။ ပလ္လင်အမှတ် (၂၉) အရှင်ဉာဏဝရ၊ အသက် (၂၇)နှစ် သိက္ခာ (၈)ဝါ တိပိဋကဓမ္မပါလကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ၇။ ပလ္လင်အမှတ် (၃၀) အရှင်ပညာသိရီလင်္ကာရ၊ အသက်(၂၈)နှစ်၊ သိက္ခာ (၈)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ၈။ ပလ္လင်အမှတ် (၃၁) အရှင်ပဏ္ဍဝါလင်္ကာရ၊ အသက် (၂၇)နှစ်၊ သိက္ခာ (၇)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ၉။ ပလ္လင်အမှတ် (၃၂) အရှင်ပညာစာရာလင်္ကာရ၊ အသက်(၂၇)နှစ်၊ သိက္ခာ(၇)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး။ ၁၀။ ပလ္လင်အမှတ်(၃၄) အရှင်ဝိသုဒ္ဓ၊ အသက်(၂၇)နှစ်၊ သိက္ခာ(၇)ဝါ တိပိဋက မဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ၁၁။ ပလ္လင်အမှတ်(၃၅) အရှင်ပဏ္ဍိတဝံသ၊ အသက်(၂၇)နှစ်၊ သိက္ခာ (၇)ဝါ တိပိဋကဓမ္မပါလကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ၁၂။ ပလ္လင်အမှတ်(၃၇) အရှင်သောမာစာရ၊ အသက်(၂၇)နှစ်၊ သိက္ခာ(၇)ဝါ မဟာသုခါရာမကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ၁၃။ ပလ္လင်အမှတ်(၃၈)အရှင်နန္ဒိမာလင်္ကာရ၊ အသက်(၂၇)နှစ်၊ သိက္ခာ(၇)ဝါ တိပိဋက မဟာဂန္ဓာရုံကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ၁၄။ ပလ္လင်အမှတ်(၄၃) အရှင်ကေလာသ၊ အသက်(၂၄)နှစ်၊ သိက္ခာ(၄)ဝါ ရွှေရတနာကျောင်း၊ မိုးကောင်းတိုက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ၁၅။ ပလ္လင်အမှတ်(၄၄) အရှင်ကဝိန္ဒ၊ အသက်(၂၄)နှစ်၊ သိက္ခာ(၄)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်းဒေသကြီး၊ ၁၆။ ပလ္လင်အမှတ်(၄၇) အရှင်စန္ဒသိရီ၊ အသက်(၃၇)နှစ်၊ သိက္ခာ(၁၇)ဝါ တိပိဋက ဓမ္မပါလကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ၁၇။ ပလ္လင်အမှတ်(၄၈) အရှင်ကုမာရ၊ အသက် (၃၅)နှစ်၊ သိက္ခာ(၁၅)ဝါ တိပိဋက မဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ၁၈။ ပလ္လင်အမှတ်(၄၉) အရှင်ကောဝိဒ၊ အသက်(၃၄)နှစ်၊ သိက္ခာ(၁၄)ဝါ ရတနာပုံကျောင်း၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ၁၉။ ပလ္လင်အမှတ်(၅၅) အရှင်ပညာနန္ဒ၊ အသက်(၃၀)နှစ်၊ သိက္ခာ(၁၀)ဝါ တိပိဋက မဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ၂၀။ ပလ္လင်အမှတ်(၅၇) အရှင်သုနန္ဒ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၉)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်းစစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး ၂၁။ ပလ္လင်အမှတ်(၆၂)အရှင်တိက္ခဝံသာလင်္ကာရ၊ အသက် (၂၈)နှစ်၊ သိက္ခာ(၈)ဝါ နိကာယ်စာသင်တိုက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ၂၂။ ပလ္လင်အမှတ် (၆၅)အရှင်ကုဏ္ဍလာလင်္ကာရ၊ အသက် (၂၈)နှစ်၊ သိက္ခာ(၈)ဝါ သာမဏေကျော် ပရိယတ္တိစာသင်တိုက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး၊ ၂၃။ ပလ္လင်အမှတ် (၆၇)အရှင်ပါမောက္ခ၊ အသက် (၂၇)နှစ်၊ သိက္ခာ(၇)ဝါ သာသနာ့အလင်းရောင်ကျောင်းတိုက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ၂၄။ ပလ္လင်အမှတ် (၆၈)အရှင်ကုဏ္ဍလ၊ အသက် (၂၇)နှစ် သိက္ခာ(၇)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ (ဝိသိဋ္ဌဝိနယဓရ)၊ ၂၅။ ပလ္လင်အမှတ် (၇၁)အရှင်ဂမ္ဘီသာရ၊ အသက်(၂၆)နှစ်၊ သိက္ခာ(၆)ဝါ တိပိဋကဓမ္မပါလကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ၂၆။ ပလ္လင်အမှတ်(၈၁) အရှင်သီဟဗလ၊ အသက် (၂၄)နှစ်၊ သိက္ခာ (၄)ဝါ မဟာသုခါရာမကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ၂၇။ ပလ္လင်အမှတ်(၈၃) အရှင်ဉာဏိသရ၊ အသက်(၂၂)နှစ်၊ သိက္ခာ(၂)ဝါ တိပိဋကဓမ္မပါလကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

(ဆက်လက်ဖော်ပြပါမည်)

ပြည်ထောင်စုဝန်ကြီး ဦးသန်းငွေအား ဂျပန်နိုင်ငံ Mitsui ကုမ္ပဏီမှ ဧည့်သည်အဖွဲ့ လာရောက်တွေ့ဆုံ

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းငွေအား ဂျပန်နိုင်ငံ Mitsui ကုမ္ပဏီမှ ညွှန်ကြားရေးမှူး Mr.Masayuki Kinoshita ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၁၀

စွမ်းအင်ဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးသန်းငွေအား ဂျပန်နိုင်ငံ Mitsui ကုမ္ပဏီမှ ညွှန်ကြားရေးမှူး Mr. Masayuki Kinoshita ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံ၍ မြန်မာနိုင်ငံတွင် စွမ်းအင်ကဏ္ဍ၌ အကျိုးတူပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက စွမ်းအင်ကဏ္ဍ၌ ဂျပန်နိုင်ငံ ကုမ္ပဏီများမှ ဝင်ရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်လိုမှုအပေါ် ကြိုဆိုပါကြောင်း၊ နိုင်ငံတော်၏ မူဝါဒများပြောင်းလဲမှုကြောင့် နိုင်ငံတကာ ကုမ္ပဏီများမှ စွမ်းအင်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံ၍ အကျိုးတူပူးပေါင်းဆောင်ရွက်ရန် အများအပြားလာရောက်တွေ့ဆုံဆွေးနွေး ညှိနှိုင်းလျက်ရှိကြောင်း၊ ထိုအထဲတွင် ဂျပန်ကုမ္ပဏီများ များစွာ ပါဝင်ကြောင်း၊ သို့သော် အမှန်တကယ် ဝင်ရောက်လုပ်ကိုင်ဆောင်ရွက်မှု နှေးကွေးနေသည်ကိုတွေ့ရှိရသဖြင့် လက်တွေ့ကျစွာ အချိန်မဆိုင်းဘဲ ဝင်ရောက်ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်းနှင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ရေးအပိုင်းတွင် ဦးစားပေး ရင်းနှီးမြှုပ်နှံလုပ်ကိုင်ကြပြီးမှ ထိုမှတစ်ဆင့် ချက်လုပ်ရေး၊ ဖြန့်ဖြူးရေး လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်သွားကြရန်၊ မြန်မာနိုင်ငံ၏ မဟာဗျူဟာကျသော တည်နေရာအားသာချက်ကို အသုံးချ၍ ပြည်ပမှ ကုန်ကြမ်းတင်သွင်းပြီး အဆင့်မြင့် ကုန်ချောပြုလုပ်ကာ ကမ္ဘာ့အနှံ့တင်ပို့နိုင်မည့် Down Stre- am Plant များ တည်ဆောက်ကြရန် အကြံပြုဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

◆ *ကျောဖုံးမှ*

အပန်းဖြေအနားယူရန်အတွက်သာ မဟုတ်တော့ဘဲ တစ်နိုင်ငံလုံးမှ ခရီးသွားပြည်သူများ လာရောက်အပန်းဖြေရာ ခရီးသွားဒေသတစ်ခုအဖြစ် တိုးတက်ပြောင်းလဲလာလျက်ရှိသည်။

အမျိုးသား အထိမ်းအမှတ်ဥယျာဉ် မရောက်မီ မြန်မာမှုလက်ရာ ဆွမ်းအုပ်ကြီး နှစ်လုံးတင်ထားသည့် မျှော်စင်ကြီးနှစ်ခုကို ခမ်းနားထည်ဝါစွာ တွေ့ရ၏။ ဤမျှော်စင်ကြီးနှစ်ခုအနက် တစ်ခုကို လွန်ခဲ့သော ခြောက်လခန့်က ဖွင့်လှစ်ခဲ့ပြီး ဖြစ်သော်လည်း ကျန်မျှော်စင်တစ်ခုကို မကြာမီ ဖွင့်လှစ်ပေးတော့မည် ဖြစ်သည်။ ဤမျှော်စင်ကြီးနှစ်ခုတွင် ဓာတ်လှေကားများ တပ်ဆင်ပေးထားသည်။ မျှော်စင်၏ ထိပ်တွင် ဆွမ်းအုပ်သဏ္ဍာန်ပြုလုပ်ထားသည်။ အတွင်း၌ အပန်းဖြေအနားယူရန် ပြုလုပ်ထားသည်။ စားသောက်ခန်းများလည်း ရှိသည်။ မျှော်စင်ထိပ်တွင် နေပြည်တော်၏ အလှပဆုံးသော သဘာဝရှုခင်းများကို တွေ့မြင်ရသည်။

ဤအမျိုးသား အထိမ်းအမှတ်ဥယျာဉ်သည် မြန်မာနိုင်ငံ၏အကြီးဆုံး အမျိုးသားအထိမ်းအမှတ်ဥယျာဉ်ဖြစ်ပြီး နေပြည်တော် ဇေယျာသီရိမြို့နယ် ရန်ကုန်-မန္တလေး လမ်းမကြီး မိုင်တိုင်အမှတ် ၂၅၇/၂ ၏ အရှေ့ဘက်တစ်မိုင်ခန့်အကွာ နေပြည်တော်တိရစ္ဆာန်ဥယျာဉ်၊ ဆာဖာရီဥယျာဉ်တို့နှင့် ကပ်လျက်တည်ရှိသည်။

ယခုအခါ ယင်းအမျိုးသား ဥယျာဉ်ကြီးသည် ပြည်တွင်း ပြည်ပခရီးသွားများ၏ ခရီးသွားများ အပန်းဖြေ အနားယူရာ ဒေသတစ်ခုအဖြစ်သို့ တိုးတက်ပြောင်းလဲလာသည်။ ဥယျာဉ်အတွင်း၌ တိုင်းဒေသကြီးနှင့် ပြည်နယ်တို့၏ အထင်ကရအဆောက်အအုံများ၊ တိုင်းရင်းသားတို့၏ ရိုးရာနေအိမ်များ၊ အမှတ်တရပစ္စည်း အရောင်းဆိုင်များ၊ ခေတ်မီ အားကစားကွင်းများ၊ စားသောက်ဆိုင်များဖြင့် စည်ကားလာသည်။

အမျိုးသား အထိမ်းအမှတ်ဥယျာဉ်အတွင်း အမျိုးသားအထိမ်းအမှတ် အဆောက်အအုံများကို တိုင်းဒေသကြီးနှင့်ပြည်နယ်တို့အလိုက် တည်ဆောက်ထား၍ ခရီးသွားပြည်သူများနေဖြင့် အပန်းဖြေအနားယူရင်း သမိုင်းဆိုင်ရာ အမွေအနှစ်များကို ဗဟုသုတအဖြစ် တစ်နေရာတည်းတွင် လေ့လာနိုင်မည်ဖြစ်သည်။ ယင်းအမျိုးသားအထိမ်းအမှတ်ဥယျာဉ်ကြီးသည် ပြည်ထောင်စုစိတ်ဓာတ်ကို ဖော်ကျူးပြသရာ ဥယျာဉ်ကြီးလည်း ဖြစ်ပါတော့သည်။ ။ **(မြန်မာ့အလင်း)**

KIA အမှတ်(၁၀)တပ်ရင်းမှ ထွက်ပြေးလာသော တပ်ဖွဲ့ဝင်(၄)ဦးအား တပ်မတော်မှ လက်နက်မဲ့ဖမ်းဆီးရမိ

နေပြည်တော် ဖေဖော်ဝါရီ ၁၀

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် အင်ဂျန်းယန်မြို့နယ် ဝါရှားပါးကျေးရွာအနီးရှိ KIA အမှတ်(၁၀)တပ်ရင်းမှ ထွက်ပြေးလာသော တပ်ဖွဲ့ဝင်လေးဦးအား ဖေဖော်ဝါရီ ၅ ရက် နံနက် ၁၁ နာရီခန့်တွင် တပ်မတော်က လက်နက်မဲ့ ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

၎င်းထွက်ပြေးလာသော KIA တပ်ဖွဲ့ဝင် (၄) ဦးမှာ တပ်သားအဆင့်များဖြစ်ပြီး မြစ်ကြီးနားမြို့ နန်းကွေ့ကျေးရွာ အုပ်စု နောင်ပုံကျေးရွာတွင် လယ်ယာလုပ်ငန်း လုပ်ကိုင်နေကြရာမှ ၂၀၁၁ ခုနှစ် အောက်တိုဘာလက ရွှေမော်လုပ်ကိုင်ရန်အတွက် ဝိုင်းမော်မြို့နယ် ပန်တောင်ကျေးရွာအနီး ချောင်းဆုံသို့ သွားရောက်စဉ် KIA အမှတ်(၄)တပ်ရင်းမှ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ခြင်း ဖြစ်ကြောင်း၊ ဖမ်းဆီးခံရပြီးနောက် KIA သင်တန်းသို့ တက်ရောက်ခဲ့ရကြောင်း၊ သင်တန်းဆင်းပြီး နှစ်လခန့်အကြာတွင် လက်နက်ငယ်များနှင့် ခဲယမ်းမီးကျောက်များအား KIA အမှတ်(၁၀) တပ်ရင်းဌာနချုပ်ရှိရာ မျှောပါရွာ အထက်တောင်ကုန်းနေရာသို့ ပို့ဆောင်ခိုင်းစဉ်တွင် အလင်းဝင်ရန် ရည်ရွယ်ချက်ဖြင့် ထွက်ပြေးလာခဲ့ခြင်း ဖြစ်ကြောင်း သိရှိရသည်။

၎င်းတို့အနေဖြင့် KIA အဖွဲ့မှ အတင်းအကျပ် လက်နက်ဖြင့်ခြိမ်းခြောက်ကာ အဓမ္မတပ်သားသစ် စုဆောင်းခံခဲ့ရခြင်းဖြစ်ပြီး KIA အဖွဲ့တွင် လုပ်ကိုင်ရန် စိတ်ပါဝင်စားမှုမရှိခြင်း၊ မိသားစုဝင်များနှင့်အတူ နေထိုင်၍ အေးချမ်းစွာလုပ်ကိုင်စားသောက်လိုကြခြင်း၊ KIA အဖွဲ့အတွင်း နေထိုင်စဉ် ဆင်းရဲငတ်ပြတ်မှုများ ခံစားရခြင်း၊ လုံလောက်သော ကျန်းမာရေး စောင့်ရှောက်မှုမရှိခြင်းတို့ကြောင့် ယခုကဲ့သို့ ထွက်ပြေးခဲ့ကြခြင်း ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာပေမြင့်မှ လူမျိုးတင့်မည်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လှည်းကူးမြို့နယ်၌ ချေးငွေများ ထုတ်ချေးပေး

ရန်ကုန် ဖေဖော်ဝါရီ ၁၀

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးလုပ်ငန်းအဖြစ် ဖေဖော်ဝါရီ ၈ ရက်က လှည်းကူးမြို့နယ် ငါးဆူတောင်ကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ကျေးလက်ဒေသ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသေးစားချေးငွေများ ထုတ်ချေးပေးအပ်ပွဲ အခမ်းအနားကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဒေသ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီဥက္ကဋ္ဌ စီမံကိန်းနှင့် စီးပွားရေးရာ ဝန်ကြီးဌာန ဝန်ကြီးဦးသန်းမြင့်က အမှာစကားပြောကြားသည်။ ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆပ်ကော်မတီဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီးဒေါ်စန်းစန်းနွယ်က ကျေးလက်ဒေသ အသေးစားကုန်ထုတ်လုပ်ငန်းများအတွက် ချေးငွေများထုတ်ပေးရခြင်း ရည်ရွယ်ချက်နှင့် အသင်းတိုးတက်စေရန် လိုအပ်သည်များကို ဆွေးနွေးမှာကြားပြီး ငါးဆူတောင်ကျေးရွာ ကျေးလက်ဒေသ အသေးစားကုန်ထုတ်လုပ်ငန်းအတွက် ပထမအကြိမ် ချေးငွေကျပ်သိန်း ၁၅၀ ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် မြို့နယ်ပေါင်းစုံတိုင်းရင်းသား ရိုးရာဝတ်စားဆင်ယင်မှုနှင့် အလှမယ်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၃ရက်နှင့် ၄ ရက်က လှိုင်မြို့နယ် လှိုင်မင်္ဂလာခန်းမ၌ကျင်းပရာ အငယ်တန်းပြိုင်ပွဲတွင် ပထမရရှိသော ပန်းဘဲတန်းမြို့နယ်မှ မချောစုလင်းဖြူသန့်အား အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်ကြည် ဆုချီးမြှင့်စဉ်။ (၁၂၂)

လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ Website ထူထောင်

နေပြည်တော် ဖေဖော်ဝါရီ ၁၀

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ လူကုန်ကူးမှုဆိုင်ရာ Website ကို WWW.myanmarhumantrafficking. gov.mm အမည်ဖြင့် ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလအတွင်း စတင်လွှင့်တင်ခဲ့သည်။

အဆိုပါ Website တွင် မြန်မာနိုင်ငံ၏ လူကုန်ကူးမှုတိုက်ဖျက်ရေး ကြိုးပမ်းဆောင်ရွက်ချက်များ၊ လူကုန်ကူးမှုတိုက်ဖျက်ရေးချုပ်ဆိုထားသော နားလည်မှု စာချွန်လွှာများ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေနှင့် ဆက်စပ်သော တည်ဆဲဥပဒေများ၊ မြန်မာနိုင်ငံ၏ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ငါးနှစ်စီမံကိန်း၊ အရေးယူဆောင်ရွက်မှုများ၊ လူကုန်ကူးမှုဆိုင်ရာသတင်းနှင့် ဆောင်းပါးများ၊ နှီးနှောဖလှယ်ပွဲနှင့် အစည်းအဝေးများဆိုင်ရာမှတ်တမ်းများစသည်တို့ကို ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မန္တလေး ဒိုင်းမွန်းပလာဇာ မြေညီထပ်၌ ယူနိုက်တက်အမရဘဏ်(ဘဏ်ခွဲ)ဖွင့်ပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၀

ယူနိုက်တက်အမရဘဏ်(ဒိုင်းမွန်း ပလာဇာဘဏ်ခွဲ) ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၉ ရက် နံနက် ၈ နာရီခွဲတွင် မန္တလေး ချမ်းအေးသာစံမြို့နယ် (၇၈)လမ်း (၃၃)လမ်းနှင့် (၃၄)လမ်းကြား ဒိုင်းမွန်းပလာဇာ မြေညီထပ်ရှိ အဆိုပါဘဏ်ခွဲ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့် တက်ရောက်အားပေးပြီး ဘဏ်ခွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ရှေးဦးစွာ ယူနိုက်တက်အမရဘဏ် ဒုတိယအုပ်ချုပ်မှုဒါရိုက်တာ ဦးသန့်ဇင်က နှုတ်ခွန်းဆက်စကားပြောကြားပြီး တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနဝန်ကြီး ဦးအောင်မောင်း၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးအောင်ဝင်းခိုင်၊ ဘဏ္ဍာရေးမှူး ဦးစိုးသိန်း၊ ပွဲစားကုန်သည် စက်ပိုင်ရှင်များ မဟာကထိန်တော်အသင်း ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းနှင့် ရတနာပုံကျောက်မျက်မှ ဦးခင်မောင်ဝင်းတို့က ဘဏ်ခွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ယူနိုက်တက်အမရဘဏ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ဘဏ်ခွဲအတွင်း လုပ်ငန်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။ **(ယာပုံ)** **(သတင်းစဉ်)**

ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူ အားကစားအဖွဲ့ချုပ်များနှင့် တွေ့ဆုံ

ရန်ကုန် ဖေဖော်ဝါရီ ၁၀

မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီ အတွင်းရေးမှူး အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူသည် ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ အားကစားပြိုင်ပွဲ ပြင်ဆင်မှုများကို ဆွေးနွေးခဲ့သည်။

ဒုတိယဝန်ကြီးသည် ရန်ကုန်မြို့ အမျိုးသားရေကူးကန်ရှိ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ နည်းပြများ၊ အိုလံပစ်ဟိုတယ် အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်တို့မှ ဒုတိယဥက္ကဋ္ဌ ဦးစိန်သောင်းနှင့် တာဝန်ရှိသူများ၊ နည်းပြများနှင့် သီးခြားစီတွေ့ဆုံ၍ မိမိတို့တာဝန်ယူထားသည့် အားကစားနည်းအလိုက် သွေးသစ် အားကစားသမားများရရှိမှု၊ စခန်းသွင်းလေ့ကျင့်မှု အစီအစဉ်၊ သိပ္ပံနည်းကျနည်းစနစ်၊ နည်းဗျူဟာ၊ လေ့ကျင့်ရေး သဘောတရားများ၊ အားကစားတစ်ဖွဲ့ချင်းအတွက် ရန်ကုန်တိုင်းဒေသကြီးအပြင် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ပါ မိမိတို့တာဝန်ယူထားသည့် အားကစားနည်းပြန့်ပွားရေး၊ လူငယ်ထုအတွင်း စိတ်ဝင်စားမှုရရှိရေးတို့ကို ဆွေးနွေးသည့်အပြင် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အရည်အသွေးမြင့်မားသော အားကစားသမားများနှင့် ယှဉ်ပြိုင်ရာ၌ အိမ်ရှင်ကောင်းပီသစွာ ရွှေတံဆိပ်များ ထိုက်ထိုက်တန်တန်ရရှိရေး၊ အာဆီယံအားကစားအဖွဲ့ချုပ်များနှင့် နည်းပညာအကူအညီ ရယူဆောင်ရွက်ရေးတို့ကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြောက်ဥက္ကလာပမြို့နယ် အမှတ်(၈)အခြေခံပညာမူလတန်းကျောင်း၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် မိဘဆရာအသင်းနှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် အမက(၈)၌ မူလတန်းပညာသင်ကြားခဲ့ပြီး ၂၀၁၁ တက္ကသိုလ်ဝင်စာမေးပွဲတွင် လေးဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည့် မစုစုကိုကိုအား ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးဘတင့်ဆွေ ဂုဏ်ပြုဆုချီးမြှင့်စဉ်။

(မြန်မာ့အလင်း)

လေပတ်ကားဖြင့် အရောင်းအဝယ် မပြုလုပ်သော မြန်မာ့ရွှေဈေးကွက်

သတင်းမှတ်စု ➢ တင်ဝင်းလေး(ကြည့်မြင်တိုင်)

ရန်ကုန် ဖေဖော်ဝါရီ ၁၀

ယခုတလော ကုန်သည်များလောကတွင် အရောင်းအဝယ်ဒိုင်များ ပို၍ အပြောများလာသည့် စကားတစ်လုံးက လေပတ်ကားဆိုသည့် စကားဆန်းလေးတစ်ခုဖြစ်သည်။ "လေပတ်ကား" ဆိုသည်က အရောင်းအဝယ်တစ်ခု ပြုလုပ်သည့်အခါ စာချုပ်၊ စာတမ်း၊ လက်မှတ်မပါ၊ စရန်ငွေ မပေးဘဲဝယ်သည့်သူက ပါးစပ်အပြောလေးနဲ့တင် ဝယ်ပြီး၊ ရောင်းသည့်သူကလည်း ဘာပစ္စည်းမျှမပေးလိုက်သေးသည့် အရောင်းအဝယ်ပြုလုပ်ခြင်းကို ဆိုလိုခြင်း ဖြစ်ပါသည်။

သို့သော် ကုန်သည်လောကတွင် များသောအားဖြင့် အချိန်တန်လျှင် ပစ္စည်းပေးကြ၊ ငွေချေကြသော်လည်း အချို့အချို့သော ကုန်သည်များ၏ ကတိပျက်ယွင်းလာမှု၊ တစ်နေ့တည်း အချိန်နာရီပိုင်းအတွင်း ဈေးအပြောင်းအလဲများစွာ ဖြစ်ပေါ်လာမှု၊ နမူနာပစ္စည်းနှင့်ကွာဟလာမှုတို့ကြောင့် ပြဿနာများစွာ ရှိခဲ့ဖူးသည်။

သို့အတွက် သက်ဆိုင်ရာမှ ဈေးကွက်အတွင်း လေပတ်ကားဖြင့် ရောင်းဝယ်မှုမပြုလုပ်ကြရန် သတိပေးထားပြီးလည်းဖြစ်သည်။

ထိုလေပတ်ကားရောင်းဝယ်မှုနှင့် စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ အတွင်းရေးမှူး ဦးဝင်းမြင့်က "ကျွန်တော်တို့ ရန်ကုန် မြန်မာ့ရွှေဈေးကွက်မှာတော့ လေပတ်ကားနဲ့ အရောင်းအဝယ်မပြုလုပ်ကြပါဘူး။ အဓိက သမာဓိနဲ့ နှုတ်ကတိပါ။ အားလုံးက အလေးထားကြပါတယ်။ အောက်ပွဲစားလေးတွေကအစ ကတိတည်ကြပါတယ်" ဟု မြန်မာ့အလင်းသို့ ပြောပြသည်။

"ရွှေအရောင်းအဝယ်ပြုလုပ်တဲ့သူ (ကုန်သည်)တွေက အသင်းက ထုတ်ပေးထားတဲ့ ဒီလိုစာရွက်လေး (ဖြတ်ပိုင်း)ပေါ်မှာ ဝယ်သူ ရောင်းသူ. . . တစ်ယောက်နဲ့ တစ်ယောက် လက်မှတ်ရေးထိုးပေးရပါတယ်။ ဒါကလည်း အသင်းမှာ အရောင်းအဝယ်လုပ်တာက အခေါက်ရွှေ (မီးလင်းရွှေ) တစ်ပိုင်း၊ နှစ်ပိုင်းဆိုပြီး အရောင်းအဝယ်လုပ်ကြရတာပါ။ ရွှေတစ်ပိုင်းက တစ်ဆယ်ကျပ်သားရှိပြီး တစ်ပိုင်းဝယ်ရောင်း လုပ်ရင် ငွေကျပ် သိန်း ၇၀ ကျော်ဆိုတော့ သယ်ရတာ မလွယ်ဘူးလေ။ ဒါကလည်း နာရီပိုင်းအတွင်းပါပဲ။ ဆိုင် ဒါမှမဟုတ် တိုက်ခန်းတစ်ခန်းမှာ ငွေပေးပစ္စည်းယူ လုပ်ခဲ့ကြတာပါ" ဟု ဒုတိယဥက္ကဋ္ဌ ဦးတင့်လွင်က ရှင်းပြပေးပါသည်။

ပြန်ရောင်းသည့်အခါတွင်လည်း အသင်းမှထုတ်ပေးထားသည့် ထိုစာရွက်လေးနှင့်ပင် စာရင်းချေသည့်နည်းဖြင့် အရောင်းအဝယ်ပြုကြသည်။ ထိုသည်ကလည်း ရွှေကုန်သည်တို့၏ သမာဓိနှင့်ကတိဖြစ်ကြောင်း အတွင်းရေးမှူးကထပ်မံရှင်းပြသည်။ ကမ္ဘာ့ရွှေဈေးက အပြောင်းအလဲလျင်မြန်စွာဖြစ်ပေါ်နေသည်။ ကမ္ဘာ့ရွှေဈေးက ဖေဖော်ဝါရီ ၁၀ ရက်နံနက်ပိုင်းတွင် တစ်အောင်စကို အမေရိကန်ဒေါ်လာ ၁၇၃၂ ဖြစ်ခဲ့ပေမယ့် ညနေပိုင်းမှာတော့ ရွှေတစ်အောင်စကို အမေရိကန်ဒေါ်လာ ၁၇၂၀ ဖြစ်ခဲ့သည်။

မြန်မာ့ရွှေဈေးမှာလည်း ကမ္ဘာ့ရွှေဈေးကွက်ကို မှီတည်ရခြင်းကြောင့် ဖေဖော်ဝါရီ ၁၀ရက် နံနက် ၁၁ နာရီ ဈေးပွင့်စမှာပင် အခေါက်ရွှေ (မီးလင်းရွှေ) တစ်ကျပ်သားလျှင် ငွေကျပ် ၇၄၅၅၀၀ ရှိနေရာမှ ညနေပိုင်းဈေးပိတ်ချိန်တွင် ငွေကျပ် ၇၄၁၈၀၀ ရှိခဲ့ပါကြောင်း ယနေ့ မြန်မာ့ရွှေဈေးကွက်သတင်းကို ဖော်ပြလိုက်ရပါသည်။ ။

ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေ တိကျစွာလိုက်နာရန်လိုအပ် တရားမဝင်ဆင်ဆာမဲ့ (DVD/VCD) အခွေများဖမ်းဆီး

နေပြည်တော် ဖေဖော်ဝါရီ ၁၀

နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတို့တွင် တရားမဝင် ဆင်ဆာမဲ့ (ညစ်ညမ်းခွေ၊ နိုင်ငံခြားဇာတ်လမ်းခွေ၊ မြန်မာဇာတ်လမ်းခွေနှင့် သီချင်းခွေ) (DVD/VCD) အခွေများအား ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ပြသခြင်း၊ ဖြန့်ချိခြင်းတို့အား ပြစ်မှုဆိုင်ရာ ဥပဒေနှင့်အညီ ထိရောက်စွာ ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီလအတွင်း တရားမဝင်ဆင်ဆာမဲ့ အခွေဖမ်းဆီးရမိမှု ၁၂၉ မှုမှ တရားခံ ၁၂၅ ဦးနှင့်အတူ ငွေကျပ် ၂၃၇၁၇၄၀၀ တန်ဖိုးရှိ ညစ်ညမ်းခွေ ၇၃၅ခွေ၊ နိုင်ငံခြားခွေ ၄၅၁၃၆ ခွေ၊ မြန်မာ ၂၀၂၅၅ ခွေနှင့် သီချင်းခွေ ၁၃၈၂၃ ခွေ စုစုပေါင်း ၇၉၄၄၉ခွေ ဖမ်းဆီးရမိခဲ့သည်။

အလားတူ ၂၀၁၁ခုနှစ် ဧပြီမှ ဒီဇင်ဘာ ၃၁ ရက်အထိ တရားမဝင် ဆင်ဆာမဲ့ အခွေဖမ်းဆီးရမိမှု ၆၁၄ မှုမှ တရားခံ ၅၅၇ ဦးနှင့်အတူ ငွေကျပ် ၁၀၁၇၀၈၂၀၀ တန်ဖိုးရှိ ညစ်ညမ်းခွေ ၁၇၂၈၆ ခွေ၊ နိုင်ငံခြားခွေ ၂၁၀၉၇၂ခွေ၊ မြန်မာ ၄၆၂၂၁ ခွေနှင့် သီချင်းခွေ ၄၃၅၀၉ ခွေ၊ စုစုပေါင်း ၃၁၇၉၈၈ ခွေ ဖမ်းဆီးရမိခဲ့ပြီးဖြစ်သည်။

ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေများအရ ခွင့်ပြုချက်မရရှိဘဲ ထုတ်လွှင့်ခြင်း၊ ဗီဒီယိုလုပ်ငန်းလိုင်စင်မရှိဘဲ စီးပွားရေးအလို့ငှာလုပ်ကိုင်ခြင်း၊ ဗီဒီယိုဆင်ဆာအဖွဲ့မှ ညွှန်ကြားချက်ကို လိုက်နာခြင်းမပြုဘဲ ဗီဒီယိုတိပ်ခွေကို ကူးယူခြင်း၊ ဖြန့်ချိခြင်း၊ ငှားရမ်းခြင်း၊ ပြသခြင်းတို့အတွက် ပြစ်မှုဆိုင်ရာဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

သတိပေးနှိုးဆော်ချက်

ရန်ကုန်မြို့အတွင်း အချို့သောခြေကျင်သွားလာသည့် လမ်းအသုံးပြုသူများ၏ စည်းကမ်းမဲ့လမ်းဖြတ်ကူးခြင်းကြောင့် ယာဉ်မတော်တဆမှုဖြစ်ပွားပြီး သေဆုံး၊ ဒဏ်ရာရလျက်ရှိကြောင်း တွေ့ရှိရပါသည်။ သို့ဖြစ်၍ ခြေကျင်သွားလာသူ (လမ်းအသုံးပြုသူ)များသည် လူသွားစင်္ကြံ၊ လူကူးမျဉ်းကျားများ၊ လူကူးခုံးကျော်တံတားများမှ သွားလာဖြတ်ကူးကြပါရန်နှင့် လိုက်နာခြင်းမရှိပါက ထိရောက်စွာအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

ကွင်းဆင်းဆောင်ရွက်

ဖေဖော်ဝါရီ ၁ ရက်တွင် မိုးပွင့်အဆင့်(၂) စီမံချက်အဖြစ် ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညွှန့်သိန်းနှင့် ရုံးဝန်ထမ်းများက ဖားကူး (အရှေ့၊ အနောက်)ရွာ အထက(ခွဲ) ကျောင်းနှင့် ကျေးရွာနေပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်စဉ်။ (မြို့နယ် ပြန်/ဆက်)

အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးထောက်ပံ့

ရန်ကုန် ဖေဖော်ဝါရီ ၁၀

ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့က ၂၀၁၁-၂၀၁၂ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲအောင်ချက်မြင့်မားရေးအတွက် စာရေးကိရိယာနှင့် ထောက်ပံ့ပစ္စည်းများ လှူဒါန်းပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၉ ရက်က ကြည့်မြင်တိုင် အထက(၁)၌ ကျင်းပသည်။

ပေးအပ်လှူဒါန်း

ရှေးဦးစွာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်ကြည်က အမှာစကား ပြောကြားပြီး ကျောင်းသားကျောင်းသူများအတွက် စာရေးကိရိယာနှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ **(ဝဲပုံ)**

(၀၄၂)

မြန်မာ့အလင်း ရုပ်ရှင်အမြည်း ရုပ်ရှင်အမြည်း ရုပ်ရှင်အမြည်း

အိန္ဒိယဇာတ်ကားသစ် SINGHAM ရုံဝင်လာ

ကိုလင်း (ရုပ်ရှင်သတင်းထောက်)

ရန်ကုန် ဖေဖော်ဝါရီ ၁၀

ယခုသီတင်းပတ် ဖေဖော်ဝါရီ ၁၀ ရက် (သောကြာနေ့)၌ ရန်ကုန်မြို့လယ်ရုံများတွင် မြန်မာဇာတ်ကားသစ် ရုံဝင်လာခြင်းမရှိဘဲ မင်္ဂလာရုံတွင် နိုင်ငံခြားဇာတ်ကားသစ် SINGHAM ရုံဝင်လာသည်။

အိန္ဒိယဇာတ်ကား SINGHAM တွင် လူချစ်လူခင်ပေါများပြီး စိတ်ရင်းစေတနာကောင်းသော ဒုရဲအုပ် Singham နှင့် တစ်ရွာတည်းနေ Kaviya တို့ ချစ်သူဖြစ်ကြပုံ၊ Vaganam ဦးဆောင်သော ဒုစရိုက်သမားများနှင့် တိုက်ခိုက်ကြပုံ၊ နောက်ဆုံးအောင်မြင်မှုရရှိပြီး Singham မှာ ဒုတိယရဲမင်းကြီးအဖြစ် ရာထူးတိုးမြှင့် ခံရပုံတို့နှင့်အတူ စိတ်လှုပ်ရှားဖွယ်ရာ အတိုက်အခိုက်၊ အကွေ့အလှည့်များစွာတို့ဖြင့် ရိုက်ကူးတင်ဆက်ထားသည့် ပရိသတ်အကြိုက် ဇာတ်ကားဖြစ်သည်။

သမ္မတနှင့် သွင်ရုံတို့တွင် ရန်အောင်၊ ကျော်ရဲအောင်၊ ဟိန်းဝေယံ၊ စိုးမြတ်သူဇာ၊ မေသဉ္ဇာဦးနှင့် အိန္ဒြာကျော်ဇင်တို့ ပါဝင် သရုပ်ဆောင်ထားသည့် **အချစ်ကွိုင်** ဇာတ်ကား ပြသနေသည်။ ရှော့ဆောင်ရုံတွင် အက်ရှင်ဇာတ်ကား UNDERWORLD ဆက်လက်ပြသနေရာ မကြည့်လိုက်ရသည့် ပရိသတ်များအတွက် အခွင့်အရေးပင်ဖြစ်သည်။

နေပြည်တော်ရုံတွင် ၂၀၁၀ ခုနှစ်အတွက် အကယ်ဒမီပူပူနွေးနွေး ရရှိခဲ့သည့် **အာဒံရယ် ဧဝရယ် ဒသရယ်** ဇာတ်ကား တစ်ကျော့ပြန်ရုံဝင်လာရာ ပရိသတ်အချစ်တော် အကယ်ဒမီဆုရ မင်းသား မင်းသမီးများ၏ အကယ်ဒမီဆုရရှိသွားသည့် သရုပ်ဆောင်မှုများကို အပြည့်အဝ ခံစားနိုင်ကြဦးမည်ဖြစ်ပါကြောင်း ရုပ်ရှင်အမြည်းအဖြစ်ရေးသားလိုက်ရပါသည်။

(မြန်မာ့အလင်း)

အချစ်ကွိုင်ဇာတ်ကားမှ ရန်အောင်၊ မေသဉ္ဇာဦးနှင့် အိန္ဒြာကျော်ဇင်တို့၏ သရုပ်ဆောင်ပြကွက်။

ဧရာဝတီတိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ရောဝတီမြစ်ကူးတံတား(ဒေးဒရဲ)

* ဧရာဝတီမြစ်ကူးတံတား(ဒေးဒရဲ)သည် ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်တို့ကို ဆက်စပ်ပေးနိုင်ရန် တည်ဆောက်ခဲ့သည့် ဧရာဝတီမြစ်ကူးတံတား ဖြစ်သည်။
* တိုးမြစ်ကို ဖြတ်ကျော်တည်ဆောက်မည့် ဒေးဒရဲတံတားစီမံကိန်းအား ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူ၍ ၂၀၀၀ပြည့်နှစ် ဇွန်လ ၁၀ ရက်နေ့တွင် တည်ဆောက်ရေးလုပ်ငန်းများ စတင်ခဲ့သည်။
* ဧရာဝတီမြစ်ကူးတံတား (ဒေးဒရဲ)ကို နိုင်ငံတော်အစိုးရက (၅၈)နှစ်မြောက် တပ်မတော်နေ့အား ဂုဏ်ပြုကြိုဆိုသောအားဖြင့် ၂၀၀၃ ခုနှစ် မတ်လ ၂၃ ရက်နေ့တွင် ဖွင့်လှစ်ပေးခဲ့သည်။
* စုစုပေါင်းတံတားအရှည် ပေ ၄၀၀၀ ကျော်ရှိသည့် ဧရာဝတီမြစ်ကူးတံတား(ဒေးဒရဲ)သည် ရန်ကုန်-ကွမ်းခြံကုန်း-ဒေးဒရဲ-ဖျာပုံ-ကျိုက်လတ်-မအူပင်-ရန်ကုန်လမ်းမကြီး၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။
* ဧရာဝတီမြစ်ကူးတံတား(ဒေးဒရဲ)ကို တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြင့် ဖျာပုံ-ကျုံကဒွန်း-ဆိပ်မ-အမာလမ်းပိုင်း၊ ဖျာပုံ-ဘိုကလေးလမ်းပိုင်း၊ မအူပင်-ညောင်တုန်း-ပုသိမ်လမ်းပိုင်း၊ ညောင်တုန်း-ဟင်္သာတလမ်းပိုင်းနှင့် ညောင်တုန်း-သံတွဲလမ်းပိုင်းတို့အား အလွယ်တကူ ဆက်စပ်သွားလာနိုင်ပြီဖြစ်သည်။
* ယခု ဆက်သွယ်သွားလာနေပြီဖြစ်သော ဒေးဒရဲတံတားကြီးအပါအဝင် တံတားများ၊ လမ်းများ တည်ဆောက်ပေးခဲ့ခြင်းကြောင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း တစ်မြို့နှင့် တစ်မြို့ ကူးသန်းသွားလာရာတွင် လည်းကောင်း၊ အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများသို့ ဆက်သွယ်ရာတွင် လည်းကောင်း မော်တော်ကားလမ်းကို အသုံးပြု၍ အချိန်တိုအတွင်း လွယ်ကူသက်သာစွာ ဆက်သွယ်သွားလာနိုင်ပြီဖြစ်သည်။
* တံတားတည်ဆောက်ရေးကာလမှာ နှစ်နှစ်နှင့် ကိုးလကြာမြင့်ခဲ့ပြီး နိုင်ငံတော်၏ စီမံကိန်းဝင်တံတားကြီးဖြစ်သည်။

ဧရာဝတီမြစ်ကူးတံတား(ဒေးဒရဲ) အချက်အလက်များ

၁။ စုစုပေါင်းတံတားအရှည် ၄၀၈၈ ဒသမ ၃ ပေနှင့် အကျယ် ၂၈ ပေရှိသည်။

၂။ ယာဉ်သွားလမ်း ဘေးတစ်ဖက်တစ်ချက်၌ ခြောက်ပေအကျယ်ရှိ လူသွားလမ်းများပါရှိသည်။

၃။ ကြိုတင်အားဖြည့် သံကူကွန်ကရစ်အောက်ခံတိုင်များနှင့် အာရ်စီဒီ ဘိုးပိုင်စနစ်များ အသုံးပြုတည်ဆောက်ထားသည်။

၄။ သံမဏိသံပေါင်တံတားအမျိုးအစားဖြစ်၍ ယာဉ်တစ်စီးချင်း ခံနိုင်ဝန် တန် ၆၀ ဖြစ်သည်။

၅။ တံတားအောက် ရေလမ်းကင်းလွတ်နယ်မြေမှာ အမြင့် ၃၆ ပေနှင့် အကျယ် ပေ ၃၅၀ ရှိသည်။

သတင်းမှတ်စု ➤ မောင်ငြိမ်းအေး

11-2 (07).pmd 1 2/11/2012, 2:10 AM

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုဆောင်းပါး

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုဆောင်းပါး

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုဆောင်းပါး

ပြည်ထောင်စုစိတ်ဓာတ်အပြည့်ဖြင့်

ကျော်မျိုးနောင်

ကျွန်တော်တို့နိုင်ငံ လွတ်လပ်ရေးရခဲ့သည်မှာ နှစ်ပေါင်း (၆၀)ကျော်ခဲ့ပြီ ဖြစ်သည်။ တိတိကျကျဆိုရပါလျှင် (၆၄)နှစ်ပြည့်ခဲ့ပြီဖြစ်သည်။ လွတ်လပ်ရေးဟု ဆိုလိုက်သည်နှင့် ပြည်ထောင်စုနေ့၊ ပင်လုံစာချုပ်၊ အောင်ဆန်း-အက်တလီ စာချုပ်စသည်တို့သည် အတွေးအာရုံထဲ အစီအရီပေါ်လာမြဲဖြစ်သည်။

သူ့ကျွန်စဖြစ်ရချိန်မှစ၍ ကျွန်တော်တို့၏ အဘိုး၊ အဘေးများမရပ်မနား အသက်သွေး၊ ချွေးစတေး၍ လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ခဲ့ကြရသည်။ အခက်အခဲပေါင်းစုံနှင့်ကြုံခဲ့ရသည်။ မြန်မာ့မျိုးချစ်သူရဲကောင်း မြောက်မြားစွာ အသက်စတေးခဲ့ရသည်။ လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ခဲ့ကြရာတွင် ကချင်လည်းပါသည်။ ကယားလည်း အတူတကွ၊ ကရင်လည်းတစ်တပ်တစ်အား၊ ချင်းလည်းအားတက်သရော၊ ဗမာလည်းထက်ကြပ်မကွာ၊ မွန်လည်းစိတ်ရောကိုယ်ပါ၊ ရခိုင်လည်းအားနှင့်မာန်နှင့်၊ ရှမ်းလည်းတက်ညီလက်ညီ ပါဝင်ခဲ့ကြသည်။ သူတို့သည် ပြည်ထောင်စုကြီးအဓွန့်ရှည်တည်တံ့ရေးအတွက် အမျိုးသားရေးအသိဖြင့် တိုက်ပွဲဝင်ခဲ့ကြခြင်းဖြစ်သည်။ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် အသက်ပေးခဲ့ကြခြင်းဖြစ်သည်။ လွတ်လပ်ရေးသည် ဤသို့ဤနှယ် ခက်ခဲခဲ့သည်။

နိုင်ငံလွတ်လပ်ရေးအတွက် ခေတ်အဆက်ဆက်၊ နည်းလမ်းအဖုံဖုံဖြင့် တိုက်ပွဲဝင်ခဲ့ကြရာတွင် သေနတ်ကို ဓားနှင့်ယှဉ်၍ အသေခံတိုက်ပွဲဝင်ခဲ့ရသည်များရှိသကဲ့သို့ ရဲဘော်သုံးကျိပ်မှအစပြုသော ဘီအိုင်အေ၊ ဘီဒီအေ၊ ပီဘီအက်ဖ်စသည်တို့ ဖွဲ့စည်း၍ သေနတ်ကိုသေနတ်ဖြင့် ရင်ဆိုင်တိုက်ပွဲဝင်ခြင်း၊ အနုနည်းဖြင့်ဆန္ဒပြခြင်း၊ လူထုအင်အားအသုံးပြုခြင်း၊ ဝံသာနုအသင်းကြီးများဖွဲ့စည်းပြီး မျိုးချစ်စိတ်ဓာတ်မြှင့်တင်လှုံ့ဆော်ခြင်း၊ လွတ်လပ်ရေးပေးရန် အတိအလင်း တောင်းဆိုခြင်းစသည်တို့လည်း ပါဝင်ခဲ့ပေသည်။ အဆိုပါလွတ်လပ်ရေးအတွက် တိုက်ပွဲဝင်လှုပ်ရှားမှုများတွင် ဆိုခဲ့သကဲ့သို့ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ အတူပါဝင်ခဲ့ကြသည်။ မည်သည့် တိုင်းရင်းသားမျှ မကျန်ရစ်။ ဤသည်မှာ အမျိုးသားရေးအသိ၊ ပြည်ထောင်စုစိတ်ဓာတ်တို့ကို အရင်းခံထားခြင်းကြောင့်ပင် ဖြစ်သည်။

ပြည်ထောင်စုနိုင်ငံဟူသည် တစ်နိုင်ငံတည်းတွင် အတူနေကြသော တစ်ခုထက်မကသော တိုင်းရင်းသားလူမျိုးတို့ အတူနေထိုင်ကြသည့် နိုင်ငံကို ဆိုခြင်းဖြစ်သည်။ ကျွန်ုပ်တို့နိုင်ငံတွင် တိုင်းရင်းသားလူမျိုး ၁၀၀ ကျော် နေထိုင်သည်။ ယခုမှ အတူနေခြင်းလည်းမဟုတ်၊ သမိုင်းစဉ်နှင့်အတူဖြစ်သည်။ ထို့ကြောင့်ပင် ပြည်ထောင်စုမြန်မာနိုင်ငံဟူ၍ သတ်မှတ်ခေါ်တွင်ခဲ့သည်။ နေထိုင်ရာနေရာဒေသ၊ ပြောဆိုသည့် ဘာသာစကားသာကွဲ၍ ဓလေ့ထုံးတမ်းစဉ်လာများလည်း အတော်ဆင်တူသည်။ ကိုးကွယ်သည့်ဘာသာလည်း မကွဲပြားလှပေ။ တိုင်းတစ်ပါးက၊ လူမျိုးတစ်မျိုးမျိုးက နေရာဒေသတစ်ခုခုကို ထိပါးစော်ကားလျှင် ကျန်တိုင်းရင်းသားများက လက်ပိုက်ကြည့်မနေ။ ဝိုင်းဝန်းကူညီတိုက်ထုတ်ပစ်ခဲ့ကြသည်ချည်းဖြစ်သည်။ ဟံသာဝတီပဲခူးကို ဂျွန်းတို့ ကျူးကျော်လျှင် ပုဂံက မနေ၊ ရခိုင်ကို ကုလားကထိပါးလျှင်လည်း အင်းဝကမနေ၊ တစ်မြေတည်းနေ တစ်ရေတည်းသောက်သူများမို့ တစ်ဦးကိုတစ်ဦး သံယောဇဉ်ကြီးမားခဲ့သည်။ ပြည်ထောင်စုနိုင်ငံဟူသည့် အနက်အဓိပ္ပာယ်သည် ထိုကဲ့သို့အတူနေထိုင်ကြပြီး တစ်ဦးကိုတစ်ဦး ချစ်ခင်ကြလျက် စည်းလုံးညီညွတ်နေမှသာလျှင် ပိုမိုပြည့်စုံပေသည်။ သူတစ်လူ ငါတစ်မင်း အချင်းချင်းစိတ်ဝမ်းကွဲနေက ပြည်ထောင်စု၏အဓိပ္ပာယ် မပြည့်စုံပေ။

၂၀၁၁ခုနှစ်၊ မတ်လ ၃၀ ရက်မှစ၍ ကျွန်တော်တို့နိုင်ငံသည် ယခင်ပြည်ထောင်စုမြန်မာနိုင်ငံမှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ဖြစ်လာသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ရွေးကောက်တင်မြှောက်ခံရသော အစိုးရအဖွဲ့သစ်ပေါ်ပေါက်လာခြင်းဖြစ်သည်။ ဒီမိုကရေစီခေတ်စနစ်ဆီသို့ ခြေလှမ်းစတင်ခဲ့ခြင်းလည်းဖြစ်သည်။ နိုင်ငံတော်အစိုးရသည် စတင်တာဝန်ယူချိန်မှစ၍ နိုင်ငံတော်နှင့်နိုင်ငံသားတို့အတွက် အပေါင်းလက္ခဏာဆောင်သော လုပ်ဆောင်ချက်များကို တစ်ခုပြီးတစ်ခုဆောင်ရွက်ခဲ့သည်။ နိုင်ငံဖွံ့ဖြိုးဖို့အတွက် အဘက်ဘက်မှ စဉ်းစားဆောင်ရွက်ခဲ့သည်။

နိုင်ငံဖွံ့ဖြိုးအောင်ဆောင်ရွက်ရာတွင် ယခင်အစိုးရလက်ထက် အခြေတည်ခဲ့သော အခြေခံအဆောက်အအုံများကို ဆက်လက်အကောင်အထည်ဖော်ခြင်း၊ အသစ်ထပ်မံတိုးချဲ့ဆောင်ရွက်ခြင်းတို့ ပါဝင်သည်။ အခြေခံအဆောက်အအုံများဖြစ်သော လမ်းတံတားများဖောက်လုပ်ပေးခြင်း၊ စက်မှုကုန်ထုတ်လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ပေးခြင်း၊ စိုက်ပျိုးရေးအတွက် ဆည်မြောင်းတာတမံများ တည်ဆောက်ပေးခြင်း၊ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအစီအမံများဆောင်ရွက်ခြင်း၊ ပြည်တွင်းငြိမ်းချမ်းရေး အလေးထားဆောင်ရွက်ခြင်းစသည်တို့ပင်ဖြစ်သည်။

ယခုလ ၄ ရက်နေ့က ကချင်ပြည်နယ်၊ ဗန်းမော်မြို့နယ်မှ ဧရာဝတီတံတား(စင်းခန်း) ဖွင့်လှစ်ခဲ့သည်။ ဧရာဝတီတံတား(စင်းခန်း) မြစ်ကူးတံတားသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် လိုအပ်နေသော အခြေခံအဆောက်အအုံအမြောက်အမြားထဲမှ အရေးကြီးသည့်ဆောင်ရွက်ချက်တစ်ခုဖြစ်သည်။ ဤတံတားကြီး ဆောက်လုပ်ပြီးစီးခဲ့ခြင်းဖြင့် ကုန်စည်များ လွယ်ကူချောမွေ့စွာ ပို့ဆောင်နိုင်သဖြင့် ဒေသစီးပွားရေး၊ နိုင်ငံတော်စီးပွားရေးအတွက် များစွာအထောက်အကူပြုသည်သာမက ပြည်နယ်မှ ပြည်မသို့ သို့မဟုတ် နယ်စွန်နယ်ဖျားမှ နိုင်ငံအတွင်းပိုင်းသို့ လွယ်ကူစွာ ဆက်သွယ်သွားလာနိုင်တော့မည်ဖြစ်သည်။ ကူးလူးဆက်သွယ်မှု များလာသည်နှင့်အမျှ ချစ်ခင်ရင်းနှီးရာမှ ပိုမိုယုံကြည်လာကာ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကိုပါ များစွာအထောက်အကူပြုမည်ဖြစ်သည်။ ဤတံတားကြီးသည် အစိုးရသစ်လက်ထက် ပေ ၁၈၀ အထက် ၁၁ စင်း မြောက်တံတားကြီးဖြစ်သည်။ ၂၇-၁၁-၂၀၁၁ ရက်နေ့က ဧရာဝတီတံတား(ညောင်တုန်း)၊ ၃၁-၁၂-၂၀၁၁ ရက်နေ့က ဧရာဝတီတံတား (ပခုက္ကူ)၊ ၂၈-၁-၂၀၁၂ ရက်နေ့က ရဲနွယ်ချောင်းတံတားတို့ကို ဖွင့်လှစ်ခဲ့သည်။ ထိုတံတားကြီးများ၏ ကျေးဇူးကြောင့် အစွန်အဖျားမှ အတွင်းပိုင်း၊ အတွင်းပိုင်းမှ အစွန်အဖျား၊ ရထားလမ်း၊ ကားလမ်းကွန်ရက်များမှတစ်ဆင့် ကူးသန်းဆက်သွယ်သွားလာနိုင်တော့မည်ဖြစ်သည်။ ဒေသဖွံ့ဖြိုးရေးနှင့် နိုင်ငံဖွံ့ဖြိုးရေးအတွက် များစွာအထောက်အကူဖြစ်ခဲ့ပေပြီ။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် အခြေခံအကျဆုံးအချက်မှာ ဆိုခဲ့သောအခြေခံအဆောက်အအုံများ မှန်ကန်ခိုင်မာကောင်းမွန်ဖို့ဖြစ်သည်။ သို့ဖြစ်၍လည်း ဦးစားပေးဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ သို့ရာတွင်အရေးကြီးဆုံးအချက်တစ်ချက်ကိုမူ မေ့လျော့၍မရနိုင်ပေ။ ယင်းမှာ ငြိမ်းချမ်းရေးပင်ဖြစ်သည်။ ခေတ်အဆက်ဆက်၊ အစိုးရအဆက်ဆက်ကလည်း ငြိမ်းချမ်းရေးရရှိရန် နည်းလမ်းအမျိုးမျိုးဖြင့် ကြိုးစားပုံဖော်ခဲ့ကြသည်။ သို့ရာတွင် ထင်တိုင်းမပေါက်ခဲ့။ ပြည်ထောင်စုတိုင်းရင်းသားညီအစ်ကိုချင်း မသင့်မမြတ်ဖြစ်နေခဲ့ရသဖြင့် အခြေခံအဆောက်အအုံများ ကောင်းစွာမဖော်ဆောင်နိုင်ခဲ့။ သို့နှင့်ပင် နိုင်ငံစီးပွားရေးပါ တန့်နေခဲ့ရသည်။ နယ်ချဲ့၏ စနက်ဆိုးမွေများပင်ဖြစ်သည်။

လွတ်လပ်ရေးရရှိပြီး နှစ်ပေါင်း (၆၀)ကျော်ကြာသည့်တိုင် ဖွံ့ဖြိုးမှုနောက်ကျနေသေးသော ကျွန်ုပ်တို့နိုင်ငံတွင် ဒီမိုကရေစီအစိုးရ၏ စေတနာပါသော ဆောင်ရွက်ချက်များကြောင့် ပိုမိုဖွံ့ဖြိုးရေးလမ်းစများကို မြင်နေရပြီဟု ဆိုနိုင်သည်။ ထိုလမ်းကို အရှိန်အဟုန်ဖြင့် လျှောက်လှမ်းနိုင်ဖို့ နိုင်ငံငြိမ်းချမ်းရန် မဖြစ်မနေလိုအပ်သည်။ ငြိမ်းချမ်းရေးသည် တိုင်းရင်းသားတစ်မျိုးတည်းအတွက်မဟုတ်။ နှစ်မျိုး သုံးမျိုးအတွက်လည်း မဟုတ်။ တိုင်းရင်းသားအားလုံးပါဝင်သော ပြည်ထောင်စုကြီးအတွက်ဖြစ်သည်။ တိုင်းရင်းသားများ၏ စည်းလုံးမှုစွမ်းပကားဖြင့် ကျွန်ုပ်တို့၏ ပြည်ထောင်စုကြီးထာဝရ အဓွန့်ရှည်တည်တံ့အောင် တည်ဆောက်ရမည်ဖြစ်သည်။ သို့ဖြစ်၍လည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများကို ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့်ဟူ၍အကြိမ်ကြိမ် ဆွေးနွေးခဲ့သည်။ ၇-၂-၂၀၁၂ ရက်နေ့ထိ အဖွဲ့အသီးသီးနှင့် တွေ့ဆုံဆွေးနွေးမှု (၄၂)ကြိမ် ပြုလုပ်ခဲ့ပြီးဖြစ်သည်။ ထိုဆွေးနွေးမှုများမှ ပြည်ထောင်စုအဆင့် လက်မှတ်ရေးထိုးပြီး ငါးဖွဲ့၊ ပြည်နယ်အဆင့် လက်မှတ်ရေးထိုးပြီး လေးဖွဲ့ပေါ်ထွက်လာခဲ့ပြီ ဖြစ်သည်။ အဖွဲ့နှစ်ဖွဲ့ကားဆက်လက်ဆွေးနွေးညှိနှိုင်းဆဲဖြစ်သည်။ သို့ရာတွင် အဖွဲ့အားလုံးအနေဖြင့် ပြည်ထောင်စုကြီးမှ ခွဲမထွက်ရေး သဘောတူကြသည်။ ဤသည်ကို ထောက်ရှုခြင်းဖြင့် အခိုက်အတန့်အားဖြင့် ညှိနှိုင်းဆဲဖြစ်သော်လည်း တိုင်းရင်းသားအားလုံးတွင် ပြည်ထောင်စုစိတ်ဓာတ် ကိန်းအောင်းရှင်သန်နေဆဲဖြစ်သည်ကို

- ☆ ယနေ့တွင်ကား တစ်တိုင်းတစ်ပြည်လုံးငြိမ်းချမ်းတော့မည့် အရိပ်လက္ခဏာများ မြင်နေရပေပြီ။ တစ်နိုင်ငံလုံး ငြိမ်းချမ်းရေးရောင်ခြည်များလည်း သန်းနေပြီဖြစ်သည်။
- ☆ ဆိုရပါလျှင် ယနေ့ကာလသည် ကျွန်တော်တို့ညီအစ်ကိုချင်း ရန်ဖြစ်နေဖို့ အချိန်မဟုတ်တော့ပါ။ နှစ်ပေါင်း (၆၀)ကျော်ကြာ ရန်ဖြစ်နေခဲ့၍ သယံဇာတနှင့် အခြားအရင်းအမြစ်များ ကြွယ်ဝပါလျက် နိုင်ငံမချမ်းသာသေး။
- ☆ ထို့ကြောင့် ငြိမ်းချမ်းဖို့၊ တစ်နိုင်ငံလုံး လုံးဝငြိမ်းချမ်းဖို့လိုအပ်သည်။ မငြိမ်းချမ်းဘဲ ချမ်းသာချင်၍မရသကဲ့သို့ ဒီမိုကရေစီလမ်းကြောင်းတွင် တည့်မတ်နေပြီဖြစ်သော ကျွန်ုပ်တို့၏ ချီတက်မှုအရှိန်အဟုန်ကိုလည်း မြှင့်၍မရနိုင်သေးပေ။
- ☆ လုံးဝငြိမ်းချမ်းရေးနှင့် လက်တစ်ကမ်းအကွာသာ ကျန်တော့သည်ဟုဆိုနိုင်သည့်အခြေအနေကို အပျက်မခံဘဲ တစ်ဖက်နှင့်တစ်ဖက် နာကြည်းစရာများ၊ မကျေလည်ခဲ့မှုများ၊ အဆင်မပြေခဲ့မှုများအားလုံးကို ခဝါချပစ်ကြရပါမည်။
- ☆ ပြီးလျှင် တိုးတက်မှုဆီ၊ ဒီမိုကရေစီပန်းတိုင်ဆီ ပြည်ထောင်စုစိတ်ဓာတ်အပြည့်ဖြင့် ချစ်ချစ်ခင်ခင် အတူတကွ လျှောက်လှမ်းကြပါစို့။

ရုပ်မြင်သံကြား အစီအစဉ်များ

မြန်မာ့ရုပ်မြင်သံကြား

၁၁-၂-၂၀၁၂ (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်း ဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
- ၇:၄၀ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊တေးရေး-မောင်မောင်လတ်)
- ၈:၀၀ ၃။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈:၂၀ ၄။ သဘာဝပတ်ဝန်းကျင်နှင့်ကြွပ်ကြွပ်အိတ်
- ၈:၄၀ ၅။ International News

နေ့လယ်ပိုင်း

- ၁၁:၁၀ ၁။ တေးဂီတအစီအစဉ်
- ၁၁:၂၅ ၂။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၁:၅၀ ၃။ တစ်ပတ်အတွင်း ရုပ်မြင်သံကြားပြည်တွင်းသတင်းစဉ်
- ၁၃:၃၅ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရဲစုံထောက်ဘတ်ရောင်ဝွန်း** (အပိုင်း-၄၈)
- ၁၄:၂၀ ၅။ (၆၅)နှစ်မြောက်ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်

ညပိုင်း

- ၄:၃၀ ၁။ ၂၀၁၂ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု ဘာသာရပ်ဆိုင်ရာသင်ခန်းစာ (သင်္ချာဘာသာရပ်)
- ၅:၀၅ ၂။ လှပစုံလင်အာဆီယံတစ်ခွင်
- ၅:၃၀ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၆:၀၀ ၄။ ညနေခင်းသတင်း
- ၆:၁၅ ၅။ မိုးလေဝသအခြေအနေ
- ၇:၄၀ ၆။ **စီမံကိန်းထူးဧရာကူးပေါ်လွင် ဝင့်ကြွားညောင်တုန်းတံတား** (အပိုင်း-၂)
- ၈:၀၀ ၇။ ပြည်တွင်းသတင်း
- ၈။ နိုင်ငံတကာသတင်းများ
- ၉။ မိုးလေဝသအခြေအနေ
- ၁၀။ အသီးတစ်ရာအညှာတစ်ခုဒို့ပြည်ထောင်စု
- ၁၁။ ဂီတတံခါးလေးဖွင့်ပါဦး

မြဝတီရုပ်မြင်သံကြား

၁၁-၂-၂၀၁၂ (စနေနေ့)

နံနက်ပိုင်း

- ၇:၀၅ ၁။ တရားတော်
- ၇:၂၅ ၂။ မျိုးချစ်တပ်မတော်
- ၈:၀၀ ၃။ မြဝတီရုပ်မြင်သံကြားသတင်း

နေ့လယ်ပိုင်း

- ၁၁:၂၅ ၁။ ကာတွန်းအစီအစဉ် **ကြောင်ကလေးအော်ဂီနှင့်ပိုးဟပ်ရုပ်ကလေးများ** (အပိုင်း-၂၉)
- ၁၂:၀၀ ၂။ မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် **ဆုံးနှစ်အချစ်** မြင့်မြတ်၊ခိုင်သင်းကြည်၊ နန္ဒာလှိုင်နှင့် သရုပ်ဆောင်များ [ဒါရိုက်တာ-ဇော်မျိုး]
- ၁၄:၀၀ ၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဖြူစင်သောနှလုံးသား** (အပိုင်း-၅၈)

ညပိုင်း

- ၄:၁၅ ၁။ ကုန်သွယ်သုတ
- ၅:၀၀ ၂။ ၂၀၁၂ တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူ သင်ခန်းစာ (စိတ်ကြိုက်မြန်မာစာ)
- ၅:၃၀ ၃။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
- ၆:၀၀ ၄။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၂၀ ၅။ စားဖိုဆောင်ချစ်သူ
- ၆:၄၀ ၆။ ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
- ၇:၀၀ ၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကွန်ဖူးဘုရင်ဘရုစ်လီ**

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုဆောင်းပါး
(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုဆောင်းပါး

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

- ❒ တိုင်းရင်းသားစည်းလုံးညီညွတ်မှုစွမ်းပကားဖြင့် ပြည်ထောင်စုကြီး ထာဝရအခွန့်ရှည်တည်တံ့ ခိုင်မြဲအောင် တည်ဆောက်ရေး။
- ❒ ဒို့တာဝန်အရေးသုံးပါးကို ပြည်ထောင်စုသားအားလုံးက အစဉ်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။
- ❒ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားအောင် ဖော်ဆောင်ရေး။
- ❒ ပြည်ထောင်စုတိုင်းရင်းသားအားလုံးအတွက် ထာဝရငြိမ်းချမ်းမှုရရှိအောင် ကြိုးပမ်းဆောင်ရွက်ရေး။
- ❒ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီကို ကျင့်သုံးပြီး ပြည်ထောင်စုကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

သိသာနိုင်ပေသည်။ ဤမျှတိုတောင်းသောကာလအတွင်း ဤမျှအတိုင်းအတာအထိ အောင်မြင်ခြင်းမှာ နိုင်ငံတော်အစိုးရ၏ စစ်မှန်သောစေတနာနှင့် လုပ်ရပ်ကြောင့်ပင် ဖြစ်ပေသည်။

ဤနေရာတွင် တစ်နှစ်အတွင်းလွတ်လပ်ရေးရရှိရေး လန်ဒန်၌ဆွေးနွေးစဉ် ဗိုလ်ချုပ်အောင်ဆန်းပြောခဲ့သော စကားတစ်ခွန်းကို ထုတ်နုတ်တင်ပြလိုပေသည်။ ''ပြည်ပစွက်ဖက်မှုမရှိရင် ကျွန်တော်တို့ပြည်မနဲ့ တိုင်းရင်းသားအချင်းချင်းညှိနှိုင်းလို့ရပါတယ်''ဟူ၍ ဖြစ်သည်။ တကယ်တမ်း၌ အောင်ဆန်း-အက်တလီစာချုပ် နှောင့်နှေးရသည့်ကိစ္စ၊ ပင်လုံစာချုပ်အခက်အခဲများနှင့် ကြုံရသည့်ကိစ္စတို့တွင် ဗြိတိသျှတို့၏ စွက်ဖက်မှုများရှိခဲ့ကြောင်း အထူးပြောစရာမလိုပေ။ သင်ခန်းစာယူရမည်မှာ မိမိတို့ချင်း မျက်နှာချင်းဆိုင်ဆွေးနွေးခြင်းသည် အမှန်နှင့်အနီးစပ်ဆုံး၊ အကောင်းဆုံးအဖြေကို အမြန်ရနိုင်သည်ဟူ၍ ဖြစ်သည်။ ယနေ့ရရှိလာသည့် ရလဒ်များသည် ကျွန်ုပ်တို့ချင်း တိုက်ရိုက်ဆွေးနွေးမှုမှ ရရှိခဲ့ကြခြင်းဖြစ်သည်။

ပြည်ထောင်စုကြီးငြိမ်းချမ်းဖို့ ပြည်ထောင်စုကြီးအတွင်းနေထိုင်ကြသော တိုင်းရင်းသားအားလုံးက အလိုရှိကြသည်။ တိုးတက်မှုရလဒ်များကို အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများ၊ အာရှနိုင်ငံများကသာမက ကမ္ဘာ့နိုင်ငံများကပါ ဝမ်းမြောက်ကြိုဆိုကြသည်။ ထိုမျှသာမက အစိုးရသစ်၏ ပြည်တွင်းနိုင်ငံရေးပြောင်းလဲမှု၊ နိုင်ငံတကာနှင့် ဆက်ဆံရေးများ တိုးမြှင့်ဆောင်ရွက်မှုတို့ကိုလည်း နိုင်ငံတကာကအသိအမှတ်ပြုလျက် အပြုသဘောဆောင် တုံ့ပြန်ဆက်ဆံလာကြသည်။ ရင်းနှီးမြှုပ်နှံမှုများလည်း တိုး၍ တိုး၍ လာနေကြသည်။ ပြည်ထောင်စုကြီးငြိမ်းချမ်းသည်နှင့်အမျှ ဖွံ့ဖြိုးတိုးတက်မှု၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမချင်း ပိုမိုချစ်ကြည်စည်းလုံးမှုတို့ ရရှိလာမည်ဖြစ်သည်။

ယနေ့ကာလသည် ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံဆီသို့ လှမ်းလျှောက်နေချိန် ဖြစ်သည်။ တာထွက်နောက်ကျသော်လည်း လမ်းကြောင်းမှန်ပြီး အရှိန်အဟုန်ကောင်းလှသည်ကို တွေ့နေရသည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ အရေးအကြီးဆုံးမှာ ငြိမ်းချမ်းဖို့ ဖြစ်သည်။ ငြိမ်းချမ်းမှ သွားလာမှုချောမွေ့လွယ်ကူပြီး အခြေခံအဆောက်အအုံများ ပိုမိုကောင်းမွန်အောင် လုပ်နိုင်မည်။ အခြေခံအဆောက်အအုံများကောင်းမှ စီးပွားဆက်သွယ်မှု၊ ကုန်ထုတ်လုပ်မှုစသည်တို့ ကောင်းမွန်မြင့်မားလာကာ တိုးတက်မည်ဖြစ်သည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများ တစ်ဖွဲ့ပြီးတစ်ဖွဲ့၊ တစ်ဆင့်ပြီး တစ်ဆင့် အောင်မြင်နေသည်။ ထိုတစ်ဆင့်ချင်းမှသည် တစ်တိုင်းပြည်လုံး အေးချမ်းသွားရန် လုပ်ဆောင်နေကြသည်။ ကျွန်တော်တို့ တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှု စွမ်းပကားဖြင့် ပြည်ထောင်စုကြီး ထာဝရအခွန့်ရှည်တည်တံ့ခိုင်မြဲအောင် တည်ဆောက်ကြရမည်ဖြစ်သည်။ ပြည်ထောင်စုအဆင့်၊ ပြည်နယ်အဆင့် ငြိမ်းချမ်းရေးဆွေးနွေးကြရာတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အားလုံးက ပြည်ထောင်စုကြီးမှ ခွဲမထွက်ကြကြောင်း ပြောဆို၍ ကတိကဝတ်ပြုကြသည်။ တိုင်းရင်းသားညီအစ်ကိုချင်း စည်းလုံးညီညွတ်မှ ပြည်ထောင်စုကြီး မပြိုကွဲဖို့၊ အခွန့်ရှည်ဖို့ ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ဗြိတိသျှလက်အောက် ကျရောက်စက ပြည်ထောင်စုစိတ်ဓာတ်မျိုးလည်း ရနိုင်မည်ဖြစ်သည်။ လွတ်လပ်ရေးရဖို့အတွက် အနီးကပ်ဆုံးအထောက်အကူပြုခဲ့သော ပင်လုံစာချုပ် ချုပ်ဆိုသည့် ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်သည် ပြည်ထောင်စုနေ့ ဖြစ်လာသည်။ ပြည်ထောင်စုနေ့ရောက်တိုင်း ကျွန်တော်တို့တိုင်းရင်းသားချင်း ပိုမိုစည်းလုံးညီညွတ်ဖို့လိုကြောင်း အလိုလိုသတိရလာကြရပါမည်။

ယနေ့တွင်ကား တစ်တိုင်းတစ်ပြည်လုံးငြိမ်းချမ်းတော့မည့် အရိပ်လက္ခဏာများ မြင်နေရပေပြီ။ တစ်နိုင်ငံလုံး ငြိမ်းချမ်းရေးရောင်ခြည်များလည်း သန်းနေပြီဖြစ်သည်။ ဆိုရပါလျှင် ယနေ့ကာလသည် ကျွန်တော်တို့ညီအစ်ကိုချင်း ရန်ဖြစ်နေဖို့အချိန်မဟုတ်တော့ပါ။ နှစ်ပေါင်း (၆၀)ကျော်ကြာ ရန်ဖြစ်နေခဲ့၍ သယံဇာတနှင့် အခြားအရင်းအမြစ်များကြွယ်ဝပါလျက် နိုင်ငံမချမ်းသာသေး။ ထို့ကြောင့် ငြိမ်းချမ်းဖို့၊ တစ်နိုင်ငံလုံး လုံးဝငြိမ်းချမ်းဖို့လိုအပ်သည်။ မငြိမ်းချမ်းဘဲ ချမ်းသာချင်၍မရသကဲ့သို့ ဒီမိုကရေစီလမ်းကြောင်းတွင် တည့်မတ်နေပြီဖြစ်သော ကျွန်ုပ်တို့၏ ချီတက်မှုအရှိန်အဟုန်ကိုလည်း မြှင့်၍မရနိုင်သေးပေ။ လုံးဝငြိမ်းချမ်းရေးနှင့် လက်တစ်ကမ်းအကွာသာ ကျန်တော့သည်ဟုဆိုနိုင်သည့် အခြေအနေကိုအပျက်မခံဘဲ တစ်ဖက်နှင့်တစ်ဖက် နာကြည်းစရာများ၊ မကျေလည်ခဲ့မှုများ၊ အဆင်မပြေခဲ့မှုများအားလုံးကို ခဝါချပစ်ကြရပါမည်။ ပြီးလျှင်တိုးတက်မှုဆီ၊ ဒီမိုကရေစီပန်းတိုင်ဆီ ပြည်ထောင်စုစိတ်ဓာတ်အပြည့်ဖြင့် ချစ်ချစ်ခင်ခင် အတူတကွ လျှောက်လှမ်းကြပါစို့ဟု တိုက်တွန်းရပါသတည်း။ ။

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုကဗျာ

အားမာန်ပေါင်းစု ပြည်ထောင်စု

☆ ဘယ်သူခွဲခွဲ၊ ဒို့မကွဲဘဲ
အမြဲသွေးစည်း ညီညွတ်မည်။

☆ ဘယ်သူဖျက်ဖျက်၊ ဒို့မပျက်ဘဲ
ရှေ့ဆက်ညီညီ ချီတက်မည်။

☆ ဘယ်သူခြောက်ခြောက်၊ ဒို့မကြောက်ဘဲ
တည်ဆောက်ပြည်သစ် ထူထောင်မည်။

☆ ပြည့်အင်အားသည်
ပြည်တွင်း၌သာ၊ တည်ရှိပါ၏
ညီညာသွေးစည်း၊ ချစ်ရင်းနှီးလျက်
ခရီးတူတူ၊ ပန်းတိုင်တူသော်
မည်သူဟန့်တား နိုင်အံ့နည်း။

☆ နှစ်ပေါင်းထောင်ချီ၊ သမိုင်းရှည်ဝယ်
နှောင်ညီဆွေသား၊ တစ်မိဖွားသို့
အားပြုတွဲခေါ်၊ တူနွဲ့ပျော်ခဲ့
အေးသော်အတူ၊ ပူသော်အမျှ
ဆတက်ထမ်းပိုး၊ တူပြိုင်ကြိုးလျက်
ဤမိုးဤမြေ၊ ဤရေလေနှင့်
ဤရွှေနိုင်ငံ၊ ကောင်းမွေခံကာ
အားမာန်ပေါင်းစု၊ ''ပြည်ထောင်စု''အဖြစ်
ယခုသက်သေ၊ တည်ရှိပေ၏
ဒို့တွေခေတ်မှ
ညှိုးကြ၍တော့ မဖြစ်ပေ။

☆ နိုင်ငံ့စည်းရိုး၊ ဖျက်ချိုးမခံ
နိုင်ငံ့ဂုဏ်ဒြပ်၊ ပုတ်ခတ်မခံ
နိုင်ငံ့သမိုင်း၊ အရိုင်းမခံ
မျိုးမာန်သတ္တိ၊ ကမ္ဘာသိအောင်..
ဇာတိစဉ်လာ၊ ဘုန်းသမ္ဘာတို့
ခိုင်မာလျှမ်းတင့်၊ မြင့်ထက်မြင့်အောင်..
ဆင့်ကမ်းသယ်ပိုး၊ မော်ကွန်းထိုးစို့
အမျိုးသားရေးပန်းတိုင် မဝေးပြီ။
လမ်းမှန်ကိုလျှောက် ရောက်ရမည်။
ဒီမိုကရေစီ ရှေ့သို့ချီ။
ညီညွတ်ဖို့သာ လိုပါသည်။ ။

ဇော်မင်းမင်းဦး

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၁-၂-၂၀၁၂ (စနေနေ့)

နံနက်ပိုင်း

၅:၄၀ **အစုန်လမ်းနှင့်အဆန်လမ်း** တရားတော် (ဆရာတော်အရှင်အဂ္ဂသိရီ)
၆:၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **စိတ်၏စေရာ** (အပိုင်း-၁၁၂)
၇:၃၀ MRTV-4 သတင်း
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညှန်ရာ** (အပိုင်း-၆၅)
၁၁:၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **တေးသွားကေရီ** (အပိုင်း-၁၂)
၂:၀၀ MRTV -4 သတင်း
၃:၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **တေးသွားကေရီ** (အပိုင်း-၁၃)
၄:၀၀ **MNL MYANMAR 2012 Hantharwady Vs Ayeyarwady (LIVE)**
၈:၀၀ MRTV -4 သတင်း
၃:၅၀ **အသံတိတ်အိပ်မက်ဆိုး** မေသန်းနု၊ချစ်သုဝေ၊ဂျင်းနီ ဒါရိုက်တာ-အောင်မိုး(ပဲရစ်)

စာမေးပွဲအထောက်အကူပြု သင်ခန်းစာ (စိတ်ကြိုက်မြန်မာစာ)
၅:၃၀ ၃။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၆:၀၀ ၄။ မြဝတီရုပ်မြင်သံကြား သတင်း
၆:၂၀ ၅။ စားဖိုဆောင်ချစ်သူ
၆:၄၀ ၆။ ထူးခြားဆန်းပြား ကမ္ဘာတစ်လွှား
၇:၀၀ ၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကွန်ဖူးဘုရင်ဘရစ်လီ** (အပိုင်း-၄)
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြား သတင်း
၉။ နိုင်ငံတကာသတင်း
၁၀။ မိုးလေဝသသတင်း
၁၁။ လူရွှင်တော်စတား
၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ငှက်ကလေးရဲ့ ကွန်းခိုရာ** (အပိုင်း-၉)
၁၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အိမ်အပြန်လမ်း** (အပိုင်း-၁၂၀) (ဇာတ်သိမ်း)

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇:၀၀	Man U - Liver pool	(ESPN)
၉:၂၅	Everton - Chelsea	(ESPN)
၉:၂၅	Sunderland - Arsenal	(Star Sports) (MRTV-4)
၁၁:၅၅	Spurs - Newcastle	(ESPN) (MRTV-4)

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နယ်၊ အမှတ်(၄)ရပ်ကွက်သစ်၊ အိမ်အမှတ် (၂၄၅)တွင် ပါတီရုံးချုပ် တည်ရှိသော မြိုတိုင်းရင်းသားပါတီက နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ်မှတ်ပုံတင်ခွင့်ပြုရန် ၁၀-၂-၂၀၁၂ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့်တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ ၇ ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေများ ၁၄(ဃ)အရ အများသိစေရန်ကြေညာအပ်ပါသည်။

မြိုတိုင်းရင်းသားပါတီ၏ အလံပုံစံ

မြိုတိုင်းရင်းသားပါတီ၏ တံဆိပ်ပုံစံ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြု သုတဝေဖြာစာကြည့်တိုက် မှော်ဘီမြို့နယ်၌ ဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၀

(၆၅)နှစ်မြောက်ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်ဆတ်သွားတောကျေးရွာအုပ်စု မီးသွေးဖုတ်ကျေးရွာ သုတဝေဖြာစာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၉ ရက် နံနက် ၈ နာရီက အဆိုပါ စာကြည့်တိုက်အဆောက်အအုံရှေ့၌ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးလှဦး၊ ရန်ကုန်မြောက်ပိုင်းခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဒေါ်ခင်သီတာဦး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဒုတိယဦးစီးမှူး ဦးစန်းထွန်း၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဇော်နိုင်ဦးနှင့် ရပ်မိရပ်ဖဦးပေါ်လာတို့က အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (အပေါ်ပုံ)ဆက်လက်၍ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်က အမှာစကားပြောကြားသည်။ ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဒေါ်ခင်သီတာဦးက စာကြည့်တိုက်ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကိုရှင်းလင်းပြောကြားပြီးနောက် မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းကိုယ်စား သုတ၊ရသ စာအုပ်စာစောင် ၁၅၀ကိုပေးအပ်လှူဒါန်းရာ စာကြည့်တိုက်မှူးဒေါ်သင်းစန္ဒာဌေးက လက်ခံယူသည်။အဆိုပါစာကြည့်တိုက် အဆောက်အအုံသစ်မှာ သွပ်မိုး၊ အုတ်ကာ၊ သမံတလင်းခင်းဖြစ်ပြီး နိုင်ငံတော်ပံ့ပိုးငွေကျပ် ၁၀ သိန်းနှင့် ကျေးရွာပြည်သူများ စုပေါင်းလှူဒါန်းငွေ ကျပ် ၁၁ သိန်းဖြင့် အကုန်အကျခံ တည်ဆောက်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပူဇော်ကန်တော့

ရန်ကုန်တက္ကသိုလ် သတ္တဗေဒ ကျောင်းသား ကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၅ ရက်က တက္ကသိုလ်များ မွှာရုံတွင်ကျင်းပရာ ဆရာကြီး ဆရာမကြီး ၁၂၀ တို့အား တပည့်ဟောင်းများက ကန်တော့ငွေပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြစဉ်။ (ပညာရေး)

ပထမအကြိမ် အမျိုးသမီး Pool 8-Ball ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၀

အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်နှင့် AmburElectronics ကုမ္ပဏီကစုစည်း၍ Myanmar Brewery Limited မှ Main Sponsor အဖြစ် တာဝန်ယူကျင်းပမည့် ပထမအကြိမ် အမျိုးသမီး Pool 8-Ball ပြိုင်ပွဲကို ရန်ကုန်တိုင်းဒေသကြီး ကုက္ကိုင်းရေကူးအသင်းခန်းမအတွင်း မတ် ၁၀ ရက်မှ စတင်ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် ပထမဆု ငွေကျပ် ၁၀ သိန်း၊ ဒုတိယဆု ငွေကျပ် ငါးသိန်း၊ တတိယဆု ငွေကျပ် သုံးသိန်း၊ စတုတ္ထဆု ငွေကျပ် ၁၅၀၀၀၀၊ အဆင့်(၅)မှ အဆင့် (၁၀)အထိ ဆု ငွေကျပ် ငါးသောင်းနှင့် အဆင့်(၁၁)မှ အဆင့်(၂၅) အထိ ဆုငွေကျပ် သုံးသောင်းချီးမြှင့်မည်ဖြစ်သည်။ ပြိုင်ပွဲဝင်လိုသော အမျိုးသမီးအားကစားသမားများသည် မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်အောင်ဆန်းကွင်းသို့ လည်းကောင်း၊ အထက်မြန်မာပြည် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ရှိ (မြို့မကလပ်)တွင်လည်းကောင်း မတ်လ ၅ ရက်နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်သည်။

အဆိုပါပြိုင်ပွဲကြီးကို Co Sponsor အဖြစ် Yay Pyar Aye Co., Ltd, MDG, KOKINE Swimming Club, CITYGN Enterprise, CANON, 100 Plus, AMBUR Electronics တို့မှ ကူညီပံ့ပိုးထားကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၀

မြန်မာကုန်သွယ်ရေကြောင်းဆိုင်ရာ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအသင်း၏(၁၂)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသား စုံညီအစည်းအဝေးကို ဖေဖော်ဝါရီ ၉ ရက် နံနက် ၈ နာရီခွဲက ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းဗဟိုဌာန (IBC) ၌ကျင်းပသည်။

ရှေးဦးစွာမြန်မာကုန်သွယ်ရေကြောင်းဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအသင်းနာယက ဒေါက်တာတင်လှိုင်က နှုတ်ခွန်းဆက်စကားပြောကြားသည်။ ဆက်လက်၍ အသင်းဥက္ကဋ္ဌ ဦးစန်းခိုင်လှက အမှာစကားပြောကြားပြီးနောက် ၂၀၁၀-၂၀၁၁ ခုနှစ် အမှုဆောင်အဖွဲ့၏ အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းကို တွဲဖက်အတွင်းရေးမှူး ဦးတင်မောင်ဦးက ဖတ်ကြားတင်ပြကာ အတည်ပြုချက်ရယူသည်။

ဆွေးနွေး

ထို့နောက် အသင်းအတွက် မြန်မာ့စက်မှု ဆိပ်ကမ်းမှ အလှူငွေကျပ် ၁၀ သိန်း၊ မြန်မာသင်္ဘောသားဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်းက အလှူငွေကျပ်တစ်သိန်းကိုလှူဒါန်းရာ ဥက္ကဋ္ဌဦးစန်းခိုင်လှက လက်ခံယူသည်။ ထို့နောက် P&I Club မှပညာရှင်များက စာတမ်းသုံးစောင်ကို ဖတ်ကြားဆွေးနွေးကြကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

အုတ်တွင်းမြို့နယ်၌ ကျောက်ချောလမ်းဖွင့်

အုတ်တွင်း ဖေဖော်ဝါရီ ၁၀

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် အုတ်တွင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၉၁ ဒသမ ၆၈ သိန်းဖြင့် ဆောင်ရွက်သည့် အုတ်တွင်းမြို့နယ် ကျွဲပွဲမြို့ မင်းဂံရိုးရပ်ကွက်ရှိ အလျားပေ ၁၆၃၀၊ အနံ ၁၀ ပေ တပင်ရှွေထီးလမ်းကျောက်ချောလမ်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၆ ရက် နံနက် ၉ နာရီက အဆိုပါလမ်းထိပ်မုခ်ဦး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ရွှေနှင့် အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်တို့က လမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာပေးဟောပြော

ရှောင် ဖေဖော်ဝါရီ ၁၀

ရှောင်မြို့နယ် သစ်တောဦးစီးဌာနက ကြီးမှူးကျင်းပသည့် တရားမဝင်သစ်ထုတ်လုပ်မှုပပျောက်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၂၈ ရက် နံနက် ၉ နာရီက ကျွန်းကြီးကျေးရွာအုပ်ချုပ်ရေးမှူးရုံးတွင်လည်းကောင်း၊ ဇန်နဝါရီ ၃၀ ရက်က မျှားကလေးကျေးရွာဘုန်းတော်ကြီးကျောင်းတွင်လည်းကောင်း **(အပေါ်ပုံ)**ကျင်းပရာ မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးဇော်နိုင်က သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာ အချက်အလက်များနှင့် သဘာဝပတ်ဝန်းကျင်မပျက်စီးစေရေး ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန်နှင့် မြို့ကြီး ဘိနယ်တာဝန်ခံတောအုပ် ဦးတင်ထွန်းနှင့် မြို့မဘိနယ်တာဝန်ခံတောအုပ် ဦးဝင်းနိုင်တို့က သစ်တောဥပဒေဆိုင်ရာပြစ်မှုနှင့် ပြစ်ဒဏ်များအကြောင်းတို့ကို ဆွေးနွေးဟောပြောခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကိုယ်ဝန်ဆောင်မိခင်နှင့် သားဖွားဆောင် ပေါက်ခေါင်းပြည်သူ့ဆေးရုံသို့ လွှဲပြောင်းပေးအပ်

ပေါက်ခေါင်း ဖေဖော်ဝါရီ ၁၀

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် ပြည်သူ့ဆေးရုံတွင် ကိုယ်ဝန်ဆောင်မိခင်နှင့်သားဖွားဆောင် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၃၁ ရက် နံနက် ၇ နာရီက ကျင်းပရာ ပြည်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအုံ့မော်က စက်ခလုတ်နှိပ်၍ ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးပြီး မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာ မြင့်သိန်းထွန်းနှင့် အလှူရှင် ဦးဌေးမောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် အလှူရှင် ဦးဌေးမောင်က လှူဒါန်းရသည့်အကြောင်းကို ရှင်းလင်းပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးမှူးထံသို့ ကိုယ်ဝန်ဆောင်မိခင်နှင့် သားဖွားဆောင်ကို လွှဲပြောင်းပေးအပ်သည်။ အဆိုပါ အဆောက်အအုံကို ပေါက်ခေါင်းမြို့နယ် အမှတ်(၁)ရပ်ကွက် အလှူရှင် ဦးဌေးမောင်-ဒေါ်မျိုးမျိုးဆွေ၊ သမီးမခင်ရဲရင့်၊ သားမောင်ကောင်းရှင်းသန့်မိသားစုတို့က ငွေကျပ် ၁၁၂ သိန်း ခုနစ်သောင်းကျော် အကုန်အကျခံကာ လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ **(မြို့နယ်ပြည်သူ့ဆေးရုံ)**

ငါး၊ ပုစွန်ထုတ်လုပ်မှု တိုးတက်ရေးဆောင်ရွက်

သံဖြူဇရပ် ဖေဖော်ဝါရီ ၁၀

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်အနက်သားငါးထုတ်လုပ်မှုကဏ္ဍတိုးတက်ရေးအတွက် မွန်ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးပေါ်လွင်သည် သံဖြူဇရပ်မြို့နယ် စက်စဲကျေးရွာအုပ်စု ရသေ့တောင်ရွာရှိ ကျောက်ပုစွန်၊ အင်းပုစွန်များ ရောင်းဝယ်စုဆောင်းမှုကို ဖေဖော်ဝါရီ ၂ ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။ ဆက်လက်၍ ကျိုက္ခမီမြို့ရှိ ငါးကွမ်းရှပ်ကုန်ထုတ်အစုအဖွဲ့ဝင်များနှင့်လည်းကောင်း၊ ဆိပ်ကမ်းရှိ ကမ်းနီးကမ်းဝေးငါးဖမ်းလှေများ စနစ်တကျငါးဖမ်းဆီးခြင်းရှိ မရှိနှင့် ရေငန်ငါးအဝယ်ဒိုင်များ၏ ငါးမျိုးစုံကုန်ထုတ်ရရှိမှုတို့ကို စစ်ဆေးခဲ့ရာ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးလှမင်းဇော်နှင့် ငါးလုပ်ငန်းရှင်အသင်း တာဝန်ရှိသူများက လိုက်ပါရှင်းလင်းပြသခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဒလမြို့နယ် အထက(၁)၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၂ ရက်က ကျင်းပရာ နဝမတန်းမှ စာပေထူးချွန်ဆုရရှိသော မဇာဇာဝင့်နှင့် ကျောင်း၏ဘက်စုံဖွံ့ဖြိုးရေးအတွက် အဘက်ဘက်မှ ပံ့ပိုးကူညီသော ဒေါ်ဟန်ယဉ်ယဉ်တို့အား ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းရီ ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (ပညာရေး)

မြို့နယ်ကြက်ခြေနီအသင်းသို့ မော်တော်ယာဉ် ပေးအပ်လှူဒါန်း

မိုးကုတ် ဖေဖော်ဝါရီ ၁၀

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မိုးကုတ်မြို့နယ် မြို့မိမြို့ဖနှင့် အလှူရှင်များက စုပေါင်း၍ မိုးကုတ်မြို့နယ်ကြက်ခြေနီအသင်းသို့ မော်တော်ယာဉ်တစ်စီး ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၅ ရက် နံနက် ၁၁ နာရီတွင် အထက(၁) မြသီတာခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘဌေး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမင်းအောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။ အခမ်းအနားတွင် မြို့နယ်ကြက်ခြေနီအသင်းသို့ မော်တော်ယာဉ်တစ်စီး ပေးအပ်လှူဒါန်းရာ အလှူရှင်များကိုယ်စား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘဌေးက မြို့နယ်ကြက်ခြေနီတပ်ရင်းမှူး ဒုတိယရဲမှူး သန်းနိုင်ထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (၄၃၃)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးနှင့် ရန်ကုန်တိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲ၊ ခရိုင်နှင့်မြို့နယ် ကော်မရှင်အဖွဲ့ခွဲများ တွေ့ဆုံပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၀

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးနှင့် ရန်ကုန်တိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲ၊ ခရိုင်နှင့်မြို့နယ် ကော်မရှင်အဖွဲ့ခွဲများ တွေ့ဆုံပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ရန်ကုန်တိုင်းဒေသကြီး တာဝန်ခံ ဒေါက်တာဒေါ်မြင့်ကြည်၊ ရန်ကုန်တိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးကိုကို၊ တိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးနှင့် အဖွဲ့ခွဲဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ခရိုင် လေးခရိုင်နှင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မရမ်းကုန်းမြို့နယ်၊ ကော့မှူးမြို့နယ်၊ သုံးခွမြို့နယ်နှင့် လှည်းကူးမြို့နယ်တို့မှ

စာမျက်နှာ ၃ ကော်လံ ၆ ✻

အမှာစကားပြောကြား

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး ရန်ကုန်တိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲ၊ ခရိုင်နှင့်မြို့နယ် ကော်မရှင်အဖွဲ့ခွဲများနှင့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ငြိမ်းချမ်းရေးအတွက် ညှိနှိုင်းဆွေးနွေး ကြိုးပမ်းဖော်ဆောင်မှုများကြောင့် နယ်စပ်ဒေသများတွင် တည်ငြိမ်အေးချမ်းမှု၊ လုံခြုံစိတ်ချရမှု ပိုမိုတိုးတက်ကောင်းမွန်လာခဲ့

မန်စီနှင့် ကွတ်ခိုင်မြို့နယ်များမှ ဒေသခံပြည်သူများ မိမိတို့နေထိုင်ရာ မူရင်းကျေးရွာအသီးသီးသို့ ပြန်လည်အခြေစိုက်နေထိုင်နိုင်ရန် ပြောင်းရွှေ့ထွက်ခွာလျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၀

ကချင်ပြည်နယ် မန်စီမြို့နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ်အတွင်း နယ်မြေအေးချမ်းတည်ငြိမ်မှု အားနည်းခဲ့သည့်အတွက် ၎င်းမြို့နယ်များအတွင်းရှိ ကျေးရွာအသီးသီးမှ ဒေသခံပြည်သူအချို့သည် တည်ငြိမ်အေးချမ်းမှုနှင့် လုံခြုံစိတ်ချရမှုရှိရာ မန်စီမြို့ပေါ်နှင့် ကွတ်ခိုင်မြို့ပေါ်တို့သို့ ပြောင်းရွှေ့ရောက်ရှိလာခဲ့ကြသည်။ ယင်းသို့ ပြောင်းရွှေ့ရောက်ရှိလာကြသူများအား သက်ဆိုင်ရာ ဒေသအာဏာပိုင်များနှင့် တာဝန်ရှိသူများ၊ စေတနာရှင်များက နေထိုင်ရေး၊ စားသောက်ရေး၊ ကျန်းမာရေး အစစအဆင်ပြေအောင် ကူညီထောက်ပံ့ ဖြည့်ဆည်းစောင့်ရှောက်ပေးလျက်ရှိသည်။

ယခုအခါ နိုင်ငံတော်အစိုးရ၏ ပြည်ထောင်စုတစ်ဝန်းလုံး ထာဝရငြိမ်းချမ်းရေးအတွက် ညှိနှိုင်းဆွေးနွေး ကြိုးပမ်းဖော်ဆောင်မှုများကြောင့် နယ်စပ်ဒေသများတွင် ယခင်ကာလများကထက် တည်ငြိမ်အေးချမ်းမှု၊ လုံခြုံစိတ်ချရမှု ပိုမိုတိုးတက်ကောင်းမွန်လာခဲ့ပြီ ဖြစ်သည်။ အဆိုပါ မန်စီမြို့နယ်နှင့် ကွတ်ခိုင်မြို့နယ်များတွင်လည်း ယခင်နှင့်မတူဘဲ တည်ငြိမ်အေးချမ်းမှု ပြန်လည်ရရှိနေပြီဖြစ်သည့်အတွက် မြို့ပေါ်သို့ ပြောင်းရွှေ့ရောက်ရှိလာခဲ့ကြသည့် ဒေသခံပြည်သူများသည် သက်ဆိုင်ရာ ဒေသအာဏာပိုင်များ၏ အကူအညီဖြင့် မိမိတို့နေထိုင်ရာ မူရင်းကျေးရွာအသီးသီးသို့ ပြန်လည်အခြေစိုက်နေထိုင်နိုင်ရန် ပြောင်းရွှေ့ထွက်ခွာလျက်ရှိကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်ပြသမည်

နေပြည်တော် ဖေဖော်ဝါရီ ၁၀

၂၀၁၂ ခုနှစ် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနားကို ဖေဖော်ဝါရီလ ၁၂ ရက် (တနင်္ဂနွေနေ့) နံနက် ၇ နာရီတွင် နေပြည်တော်၌ ကျင်းပမည်ဖြစ်ရာ အခမ်းအနားကျင်းပပုံများကို မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်၊ နေပြည်တော်မြန်မာ့အသံနှင့် MRTV-4 အစီအစဉ်တို့မှ ယင်းနေ့ နံနက် ၆ နာရီ ၄၅ မိနစ်အချိန်မှစတင်ပြီး တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မြန်မာ့အလင်း (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုကြိုဆို



☆ ယနေ့ကာလသည် ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံဆီသို့ လှမ်းလျှောက်နေချိန်ဖြစ်သည်။ တာထွက်နောက်ကျသော်လည်း လမ်းကြောင်းမှန်ပြီး အရှိန်အဟုန်ကောင်းလှသည်ကို တွေ့နေရသည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ အရေးအကြီးဆုံးမှာ ငြိမ်းချမ်းဖို့ဖြစ်သည်။ ငြိမ်းချမ်းမှ သွားလာမှု ချောမွေ့လွယ်ကူပြီး အခြေခံအဆောက်အအုံများ ပိုမိုကောင်းမွန်အောင် လုပ်နိုင်မည်။ အခြေခံအဆောက်အအုံများကောင်းမှ စီးပွားဆက်သွယ်မှု၊ ကုန်ထုတ်လုပ်မှု စသည်တို့ ကောင်းမွန်မြင့်မားလာကာ တိုးတက်မည်ဖြစ်သည်။

☆ အားမာန်ပေါင်းစု ပြည်ထောင်စု

ဖော်မင်းမင်းဦး၏ ကဗျာ စာ-၉

ကျော်မျိုးနောင်၏ ဆောင်းပါး စာ - ၈၊ ၉

☆ နိုင်ငံကိုချစ်ပါ. . လူမျိုးကိုချစ်ပါ. .

သခွတ်၏ ကာတွန်း စာ-၉

ခရီးသွားများ အပန်းဖြေနိုင်သည့်

နေပြည်တော် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်

သတင်းဆောင်းပါး-မြင့်မောင်စိုး
ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း)

နေပြည်တော် ဖေဖော်ဝါရီ ၁၀

နေပြည်တော် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်ကြီး တည်ဆောက်ဖွင့်လှစ်ခဲ့သည်မှာ မကြာမီ နှစ်နှစ်တင်းတင်းပြည့်တော့မည်။ ထူးခြားသည်မှာ ထိုဥယျာဉ်ကြီးသည်ကား မြန်မာတစ်နိုင်ငံလုံးရှိ တိုင်းဒေသကြီးနှင့်ပြည်နယ်တို့၏ အထင်ကရ အဆောက်အအုံများ ထည့်သွင်းတည်ဆောက်ခဲ့ပြီး လွန်ခဲ့သော နှစ်နှစ်က ပြည် ထောင် စု နေ့ တွင် ဖွင့်လှစ်ခဲ့ခြင်းကြောင့်ပင် ဖြစ်၏။

မြန်မာမှုလက်ရာ ဆွမ်းအုပ်ကြီး နှစ်လုံးပုံသဏ္ဌာန် မျှော်စင်ကြီး နှစ်ခုကို ဤသို့ ခမ်းနားထည်ဝါစွာ တွေ့ရသည်။

ယခု အခါမှာတော့ အဆိုပါ အမျိုးသားအထိမ်းအမှတ် ဥယျာဉ်ကြီးသည် နေပြည်တော်ရှိ ပြည်သူများအပန်းဖြေအနားယူရန် အတွက်သာ မဟုတ်တော့ဘဲ တစ်နိုင်ငံလုံးမှ ခရီးသွားပြည်သူများ လာရောက်

စာမျက်နှာ ၅ ကော်လံ ၃ ◆